ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်ထုတ်ဝေသည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 November 2017 ၉၁၀၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်

**မနီလာ(ဖိလစ်ပိုင်) နိုဝင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် အကြိမ်(၂၀)မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေး၊ နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-ကနေဒါ ထိပ်သီးအစည်းအဝေး၊ နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အီးယူ ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ (၁၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ASEAN သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် အာဆီယံဥက္ကဋ္ဌ ရာထူးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတို့သို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၂၀)မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

# ပိုင်ရှင်မဲ့မိုးစပါးများ စနစ်တကျ ရိတ်သိမ်း၊ ရောင်းချပြီး မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**သတင်းထုတ်ပြန်ရေးကော်မတီ**
**သတင်းထုတ်ပြန်ချက်**
**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**
**ပိုင်ရှင်မဲ့မိုးစပါးများ စနစ်တကျ ရိတ်သိမ်း၊ ရောင်းချပြီး မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ**

၁။ မောင်တောမြို့နယ် ကျေးရွာဒေသအလိုက် နေရပ်စွန့်ခွာသူများ၏ မိုးစပါးများ အချိန်မီ ရိတ်သိမ်းနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထိန်းသိမ်းရေးကော်မတီဖွဲ့စည်း၍ မောင်တောဒေသအတွင်းရှိ မိုးစပါးစိုက်ပျိုးထားသည့် ဧက ၄၅၂၈၆ ဧက အတွင်းရှိ မိုးစပါးများကို အောက်တိုဘာ ၂၈ ရက်မှ စတင်၍ ရိတ်သိမ်းခြွေလှေ့စက် ၄၄ စီးဖြင့် လတ်တလောရင့်မှည့်နေသော မိုးစပါးများကို အလေအလွင့် ဖြစ်မသွားစေရန် ရိတ်သိမ်းခဲ့ရာ နိုဝင်ဘာ ၁၃ ရက် အထိ ၁၇၁၄ ဒသမ ၂၄ ဧကကို ရိတ်သိမ်းပေးနိုင်ခဲ့သည်။

၂။ ထိုသို့ ရိတ်သိမ်းရာတွင် မြို့သူကြီးကျေးရွာအုပ်စု ကံကျတောင်ကျေးရွာမှ ၄၈ ဒသမ ၆ ဧက၊ ရာဇာဘီကျေးရွာမှ ၂၆ ဧက၊ သောင်ပိုင်ညာကျေးရွာမှ ၂၄ ဒသမ ၅ ဧက၊ ကံပူးကျေးရွာအုပ်စု ကံပူးကျေးရွာမှ ၃၂၇ ဒသမ ၅ ဧက၊ ကျောင်းတောင်ကျေးရွာအုပ်စု ကျောင်းတောင်ကျေးရွာမှ ၄၇၆ ဒသမ ၂ ဧက၊ ဝါးချကျေးရွာအုပ်စု အုန်းတောကျေးရွာမှ ၁၂၈ ဒသမ ၉ ဧက၊ နွားရုံတောင်ကျေးရွာအုပ်စု နွားရုံတောင်ကျေးရွာမှ ၂၀၃ ဒသမ ၃၂ ဧက၊ အလယ်သံကျော်ကျေးရွာအုပ်စု အလယ်သံကျော်ကျေးရွာမှ ၂၂၅ ဒသမ ၇ ဧက၊ သံဒါကျေးရွာအုပ်စု သံဒါကျေးရွာမှ ၁၉၈ ဒသမ ၈၂ ဧက၊ ကြီးကန်းပြင်ကျေးရွာအုပ်စု ကြီးကန်းပြင်ကျေးရွာမှ ၉ ဒသမ ၇ ဧက၊ မြင်းလွှတ်ကျေးရွာအုပ်စု မြင်းလွှတ်ကျေးရွာမှ ၄၅ ဧကတို့အား ရိတ်သိမ်းနိုင်ခဲ့ပြီး စပါးတင်းပေါင်း ၆၅၆၂၈ တင်း ထွက်ရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



# ကြေးမုံ

## အခြေခံအုပ်ချုပ်ရေး တော်တည့်ဖြောင့်မှန်

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၁၀ ရက်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ပြန်လည်ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယခုရက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အချို့၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမှုကို ခေတ္တရွှေ့ဆိုင်းပြီး စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်နေကြောင်း သိရသည်။

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရပြီး အချို့ရပ်ကွက်များတွင် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အချို့ရပ်ရွာများ၌ ရွေးချယ်ဖွဲ့စည်းရန် ပြင်ဆင်ဆောင်ရွက်နေရာ ရပ်ရွာနေပြည်သူများအဖို့ သို့လော၊ သို့လော တွေးတောဖွယ်မဖြစ်စေရန်အတွက် ရွှေ့ဆိုင်းရခြင်းအကြောင်းရင်းကို ရပ်ရွာအတွင်း ပွင့်လင်းမြင် သာစွာ ချပြပြီး ဆက်လက်လုပ်ဆောင်မည့် အစီအစဉ်များကိုလည်း ရပ်ကွက်ပြည်သူလူထုအား အသိပေးထားလျှင် သင့်တော်ပေမည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဆိုသည်မှာ နိုင်ငံ့အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းများတွင် အခြေခံအကျဆုံး အဖွဲ့အစည်း ခေါင်းဆောင်ဖြစ်၍ အရေးကြီး၊ အရာရောက်သူ ဖြစ်ပေသည်။ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးသည် ရပ်ကွက်/ကျေးရွာအတွင်း ဦးစီးဦးဆောင်ပြုနိုင်သူ၊ ရပ်ကွက်လူထု၏ လေးစားယုံကြည် အားထားနိုင်သူ၊ ရပ်ရွာအကျိုးအတွက် အနစ်နာခံဆောင်ရွက်နိုင်သူ စသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ဖြစ်သင့်၊ ဖြစ်ထိုက်သော အရည်အချင်း၊ အချက်အလက်များနှင့် ကိုက်ညီသူ ဖြစ်သင့်ပေသည်။

ရပ်ကွက်/ကျေးရွာများတွင် ယခင်ခေတ်ကာလများက ရပ်ကွက်/ကျေးရွာအတွင်းမှ သင့်တော်သော ရပ်ကွက်/ကျေးရွာ အဆိုပြု ကိုယ်စားလှယ်တစ်ဦးကို မြို့နယ်/ခရိုင် အဆင့်ဆင့်သော အုပ်ချုပ်ရေး အဖွဲ့အစည်းများက အသိအမှတ်ပြု တာဝန်ပေးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် အဆိုပါဥပဒေနှင့်အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရွေးချယ်ခန့်ထားပြီး ၎င်းတို့၏ သက်တမ်းမှာ သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်း အတိုင်းဖြစ်ကြောင်း ဥပဒေတွင် ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ပြဋ္ဌာန်းခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမှာ လိုအပ်ချက်များ၊ အားနည်းချက်များ ပါရှိနေသောကြောင့် အဆိုပါဥပဒေပြဋ္ဌာန်းပြီး ၂၀၁၂ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပထမအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေနှင့် ၂၀၁၆ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေတို့ကို အတည်ပြု ပြဋ္ဌာန်းဆောင်ရွက်ခဲ့ရသည်။

ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းသည် နိုင်ငံအုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင် အခြေခံအကျဆုံး၊ ပြည်သူလူထုအတွက် အရေးကြီးဆုံး လုပ်ငန်းဖြစ်၍ ဥပဒေကို အကြိမ်ကြိမ်ပြင်ဆင်ရခြင်း၊ သက်တမ်းမပြည့်မီ အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းတို့ကို ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ရပ်အရေး၊ ရွာအရေး၊ ရပ်အကျိုး၊ ရွာအကျိုး အမှန်တကယ် ဆောင်ရွက်ရသူ တော်တည့်ဖြောင့်မှန်သူဖြစ်ဖို့လို၍ အမျိုးမျိုးပြင်ဆင်ကြသည်ဟု မှတ်ယူသင့်သည်။

ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးမှာ ပြည်သူလူထုက တိုက်ရိုက် ရွေးချယ်သူ မဟုတ်ဘဲ တစ်ဆင့်ခံရွေးချယ်ရခြင်းဖြစ်ပြီး အဆင့်ဆင့် မှန်ကန်စွာရွေးချယ်ပေးနိုင်ရေးအတွက် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများကို အဓိကဦးဆောင် ပြုလုပ်ပေးရမည့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲ ကြီးကြပ်ရေးမှူးများကို အလေးထားရွေးချယ်ပေးရမည် ဖြစ်သည်။ သို့ဖြစ်ရာ ရပ်အကျိုး၊ ရွာအကျိုး တော်တည့်ဖြောင့်မှန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆင့်ဆင့်ဝိုင်းဝန်းပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ လမ်းမှန်ညွှန်ပြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးစက်ရုံ၊ အထည်စက်ရုံနှင့် စက်မှုသင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၁၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် အစိုးရ-ပုဂ္ဂလိက အကျိုးတူဖက်စပ်လုပ်ကိုင်လျက်ရှိသည့် အမှတ်(၃) ဆေးဝါးစက်ရုံ (စစ်ကိုင်း)ရှိ စိမ်းပြာရေညှိ ထွက်ရှိရာ ရေခါးအင်းသို့ ရောက်ရှိစဉ် အင်းအတွင်း ရေချိုဝင်ရောက်မှု မရှိစေရန် ဆောင်ရွက်ထားရှိမှု၊ အင်းအတွင်းမှ စိမ်းပြာရေညှိများ သယ်ယူစစ်ထုတ်နေမှုနှင့် ရေညှိအခြောက်ခံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်တွင် စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူဖက်စပ် ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးကုမ္ပဏီ၏ ဒါရိုက်တာက စက်ရုံ၏ လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသည့် အခြေအနေ၊ ထုတ်ကုန်ပစ္စည်း အမယ်သစ်များ ထုတ်လုပ်နေမှုအခြေအနေနှင့် စိမ်းပြာရေညှိ ထွက်ရှိရာ သဘာဝအင်းများ၏ နှစ်အလိုက် ရေညှိထွက်ရှိမှုနှင့် အင်းများအတွင်း ရေချိုဝင်ရောက်၍ စိမ်းပြာရေညှိအထွက်နှုန်း ကျဆင်းလျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် WHO ၏ ထုတ်လုပ်မှု ကျင့်စဉ်အမှန်ဖြစ်သော GMP Guideline များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ စိမ်းပြာရေညှိ ထွက်ရှိရာ တွင်းတောင် သဘာဝအင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရှားပါးအဖိုးတန် သဘာဝသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် တွင်းတောင်ဒေသ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ဘုတလင်မြစ်ရေတင် စီမံကိန်းရှိ ရေပေးဝေရေးစခန်းများသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး)သို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံ၏ကုန်ထုတ်လုပ်မှု၊ ရောင်းချဖြန့်ဖြူးမှုနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံရေရှည်ရပ်တည်ရေးအတွက် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဈေးကွက်ဝင် ထုတ်ကုန်အမယ်သစ်များကို တီထွင်ဆန်းသစ်မှုများဖန်တီး ထုတ်လုပ်နိုင်ရန် လိုအပ်သည်များကို မှာကြားခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်တွင် ကနီမြို့ရှိ တွင်းမ၊ တောင်ပျောက် စိမ်းပြာရေညှိ အင်းများသို့ ရောက်ရှိပြီး ရေညှိခြောက်အိတ်များ သိုလှောင်ထားရှိမှု အခြေအနေ၊ အင်းစပ်တွင် ကွမ်းပင်များ စိုက်ပျိုးထားမှု၊ ဈေးဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် အင်းအတွင်း ဟင်္သာ၊ ကြိုးကြာ စသည့် ရေပျော်ဆောင်းခိုငှက်များ လာရောက်ကျက်စားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ၍ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်မည့် ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) သို့ ရောက်ရှိပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်တန်းအမျိုးအစားသစ်များ တိုးချဲ့သင်ကြားပေးနိုင်ရေးနှင့် သင်တန်းကျောင်း တိုးချဲ့ရေးအတွက် လိုအပ်သည်များကို ကြိုတင်မျှော်မှန်းတွက်ချက်ထားရန် လမ်းညွှန် မှာကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၅) အထည်စက်ရုံ (ပခုက္ကူ)သို့ ရောက်ရှိရာ ကျောင်းစိမ်းလုံချည်များ ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေး

**ဂန့်ဂေါ နိုဝင်ဘာ ၁၄**။ ။မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဂန့်ဂေါခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ပထမပတ်တွင် ဂန့်ဂေါမြို့နယ်၌ ၃၆ ကတ်၊ ထီးလင်းမြို့နယ်၌ ၄၂ ကတ်၊ ဆောမြို့နယ်၌ ၃၉၇ ကတ်တို့ ဆောင်ရွက်နိုင်ခဲ့ပြီး သက်ဆိုင်သူများထံ ထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် (နိုင်) ပုံစံ(၂) ကိုယ်ရေးရာဇဝင်များကိုလည်း ကောက်ယူလျက်ရှိရာ ဂန့်ဂေါမြို့နယ် မောက်လင်း၊ ကျွန်းဒတ်နှင့် ကွမ်းဇဲကျေးရွာများတွင် ၄၉၇ ဦးတို့အတွက် ကောက်ယူနိုင်ခဲ့သည်ဟု သိရသည်။ **၄၆၅**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်(ရွှေဈေး) ၉၃၀၀၀၀ - ၉၃၀၀၀၀၊ မန္တလေး(ရွှေဈေး) ၉၂၉၅၀၀ - ၉၃၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၅၅/၇၆၅ ကျပ်၊ | ၇၉၀/၈၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၀၅/၈၁၅ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၇၇၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၁၀/၈၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၂၅/၇၂၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀ ကျပ်

***၇-၁၁-၂၀၁၇ ရက်နေ့မှ ၁၀-၁၁-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၄၂ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၇၂ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၃၀ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၉ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၄. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၇၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၃၀၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅. ၉၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၇၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၁. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၀၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၁. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

### ❖ ကျောဖုံးမှ

ရေဆင်းဆည် နုန်းပို့ချမှုအခြေအနေကို ကွင်းဆင်းတိုင်းတာစစ်ဆေးရန်လိုအပ်ပါကြောင်း၊ ရေရှည်တည်တံ့ရန်နှင့် လုံခြုံစိတ်ချရန်အတွက်မျှော်မှန်းပြီး ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လိုကြောင်း၊ ပြောင်းလဲနေသည့် သဘာဝရာသီဥတုအခြေအနေနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၏ အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ပြီး ပြန်လည်စဉ်းစားရန်လိုကြောင်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)တည်ဆောက်ပြသခြင်း၏ မူလရည်ရွယ်ချက်အပြင် လူများကိုဆွဲဆောင်နိုင်သည့် အပန်းဖြေလေ့လာစရာနေရာတစ်ခုဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်း ပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုရှိသည့် နေရာတစ်ခုဖြစ်ပါက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုမည်ဖြစ်ပါကြောင်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ရှားပါးလာပြီဖြစ်သည့် ဆလုံလူမျိုး၊ ထရုံလူမျိုးတို့၏ ပြခန်းများကိုလည်း စိတ်ဝင်စားဖွယ်ဖြစ်အောင်ပြသသင့်ကြောင်း၊ ၎င်းတို့၏ ရိုးရာဓလေ့၊ နေထိုင်မှုပုံစံများကို မှတ်တမ်းရုပ်ရှင်များရိုက်ကူး၍ ပြသသင့်ကြောင်းနှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အတွင်း သဘာဝဘေးကြောင့် ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်း၊ မူလရည်ရွယ်ထားသည့်အတိုင်း ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ပြုစုတင်ပြရန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြသထားသော ပြကွက်များ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ရှိ တနင်္သာရီတိုင်းဒေသကြီး ပြကွက် ရေနစ်မြုပ်မှု အခြေအနေနှင့် နေပြည်တော် ပုံစံငယ်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ တည်နေရာမှာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ်(၂၅၇/၂) အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး စုစုပေါင်းဧက ၄၀၀ ကျယ်ဝန်းသည်။ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်တည်လာပုံ သမိုင်းအဆင့်ဆင့်ကို အကျဉ်းချုပ်သိရှိနိုင်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ နေထိုင်ပုံ၊ အစားအစာ၊ အလုပ်အကိုင်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို အနီးကပ်လေ့လာကြည့်ရှုနိုင်ပြီး မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန်၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ အဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သယံဇာတအရင်းအမြစ်များ၊ သဘာဝအလှရှုခင်းများကို တစ်နေရာတည်းတွင် တစုတဝေးတည်း လေ့လာကြည့်ရှုနိုင်သဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် လာရောက်လေ့လာသောဧည့်သည်အမျိုးမျိုးအတွက် ပညာလည်းရ အပန်းလည်းပြေနိုင်ပြီး အေးချမ်းစွာကစား အပန်းဖြေခြင်း၊ Passive Recreation နှင့် Active Recreation များ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

**သတင်းစဉ်**

Asia-Europe Meeting

(၁၃)ကြိမ်မြောက် အေဆမ်
နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀-၂၁
နေပြည်တော်

### ■ ဆောင်းရာသီကာလမှ

လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဆောင်းရာသီကာလ အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**



### ✳ ပိုင်ရှင်မဲ့ မိုးစပါးများမှ

၃။ ရိတ်သိမ်းခြွေလှေ့ပြီး ထွက်ရှိလာသော မိုးစပါးများကို ရောင်းချ၍ ရရှိလာသည့်ငွေများကို ဘဏ်တွင် အကောင့်တစ်ခုဖွင့်လှစ်၍ နိုင်ငံတော်မှ ထိန်းသိမ်းထားရှိမည်ဖြစ်ပြီး ရရှိလာသည့် ငွေကြေးများကို မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပြန်လည်အသုံးချသွားမည် မဟုတ်ဘဲ နေရပ်စွန့်ခွာသူလယ်ပိုင်ရှင်များ ပြန်လည်ရောက်ရှိလာချိန်တွင် ပြန်လည်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။ ကျန်ရှိနေသည့် မိုးစပါးစိုက်ဧက ၂၈၇၅ ဒသမ ၆၉ ဧကကို အမြန်ဆုံးရိတ်သိမ်းခြွေလှေ့နိုင်ရန် ရိတ်သိမ်းခြွေလှေ့စက် ၂၅ စီး ထပ်မံဖြည့်တင်း၍ စုစုပေါင်း ရိတ်သိမ်းခြွေလှေ့စက် ၆၉ စီးဖြင့် အချိန်မီဆက်လက်ရိတ်သိမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရိတ်သိမ်းပြီး စပါးများကို သိုလှောင်ထိန်းသိမ်းရာတွင် အခက်အခဲများရှိနေသဖြင့် ဒေသန္တရဈေးကွက် ပေါက်ဈေးဖြင့် ရောင်းချပြီး စပါးရောင်းရငွေများကို ထိန်းသိမ်းထားရှိရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

၄။ သို့ပါ၍ မောင်တောဒေသအတွင်း ပိုင်ရှင်မဲ့စပါးများ ရိတ်သိမ်း၊ ရောင်းချပြီး နိုင်ငံတော်ဘတ်ဂျက်သို့ ထည့်သွင်းမည်ဆိုသည့် သတင်းဖော်ပြချက်မှာ မှန်ကန်မှုမရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ဘူးသီးတောင်မြို့နယ် သပြုချောင်ကျေးရွာတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းခြွေလှေ့ ဆောင်ရွက်နေစဉ်။**

### ✪ စေတနာ့ဝန်ထမ်းလူငယ်များမှ

နိုဝင်ဘာ ၁၃ ရက်တွင် မောင်တောဒေသအတွင်းရှိ ဝေသာလီကျေးရွာ၊ ခြံပြင်ကျေးရွာနှင့် ကံပြင်သာစည်ကျေးရွာတို့၌ စေတနာ့ဝန်ထမ်းလူငယ် ၃၇ ဦးအား လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး ဦးဆောင်ကာ အုပ်စုခွဲဆောင်ရွက်ခဲ့သည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွဋ်ဆွေ ဦးဆောင်ကာ စေတနာ့ဝန်ထမ်းလူငယ် ၃၈ ဦးဖြင့် အင်ကြင်းမြိုင်၊ ဝါးခုတ်ချောင်၊ စံညွှင်းဝေ(တိုင်းရင်းသား)ကျေးရွာ၊ စံညွှင်းဝေ(ခမီ)ကျေးရွာ၊ ကမ်းပိုင်ချောင်းကျေးရွာနှင့် ခမွေချောင်းကျေးရွာများရှိ ပြည်သူများအား အဖွဲ့ခွဲကာ အခြေခံစားသောက်ကုန်စည်များ ကူညီထောက်ပံ့ပေးမှုများနှင့် အတူ စာရင်းဇယားကောက်ယူမှုလုပ်ငန်းများပါ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ဒီလုပ်ငန်းကို ဆောင်ရွက်ဖို့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ စေတနာ့ဝန်ထမ်းလူငယ်တွေက သူတို့ရဲ့ ပထမဆုံးပင်ကိုစိတ်ရင်းခံနဲ့ ဆောင်ရွက်လိုတယ်ဆိုပြီးတော့ ဆန္ဒပြုလာကြတယ်၊ အဲဒါကြောင့် ပြည်ထောင်စုဝန်ကြီးကနေ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြပြီး ဒီလုပ်ငန်းကို စတင်ဖို့ဖြစ်ခဲ့တာပါ၊ ဒီဒေသမှာအကြမ်းဖက်မှုကြောင့် ဘေးဒုက္ခရောက်နေတဲ့ ပြည်သူတွေကို စေတနာ့ဝန်ထမ်းလူငယ်တွေက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ လာရောက်ပေးအပ်တာဖြစ်ပါတယ်။

“ကူညီထောက်ပံ့တဲ့ အပိုင်းကတော့ ကျေးရွာတွေမှာ လိုအပ်တဲ့အခြေခံစားသောက်ကုန်တွေနဲ့ စာရင်းဇယားကောက်ယူမှုအပိုင်းပါတွဲပြီး ဆောင်ရွက်တာဖြစ်ပါတယ်၊ စာရင်းကောက်ယူတယ်ဆိုတာကလည်း ကျေးရွာတွေမှာ လတ်တလော လိုအပ်ချက်တွေကို သိရှိရုံလောက်ပါပဲ” ဟု လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ပြောကြားသည်။

စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့က ပြည်သူများသို့ ကူညီထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်များမှာ ခုနစ်ဦးမိသားစုဝင်ရှိ အိမ်ထောင်စုတစ်စုလျှင် ဆန် ၃၂ ပြည်၊ ဆီ နှစ်ပိဿာ၊ အာလူး ခြောက်ပိဿာ၊ ကြက်သွန်တစ်ပိဿာ၊ ပဲ နှစ်ပြည်၊ ငါးသေတ္တာ ၂၅ ဘူး၊ အိုင်အိုဒင်းဆားတစ်ထုပ်နှင့် ခြောက်လမှ နှစ်နှစ်အတွင်းရှိကလေးရှိသော မိသားစုဝင်များတွင် နို့မှုန့်တစ်ထုပ်စီနှုန်းသတ်မှတ်ပေးထားကြောင်းနှင့် မိသားစုဝင် ခုနစ်ဦးထက် ကျော်သည့် မိသားစုဝင်များအား ယင်းပစ္စည်းအရေအတွက် နှစ်ဆနှုန်းသတ်မှတ်ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့သည် မောင်တောဒေသ၌ နိုဝင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ ယင်းလုပ်ငန်းစဉ်များကို ရှစ်ရက်လုပ်ဆောင်သွားမည်ဖြစ်ပြီး တစ်ရက်လျှင် ကျေးရွာငါးရွာနှုန်းဖြင့် ကျေးရွာပေါင်း ၄၀ ဝန်းကျင်ကို ကူညီထောက်ပံ့ပေးမည့်လုပ်ငန်းစဉ်များနှင့်အတူ စာရင်းဇယားများပါ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်**



**စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့ မောင်တောဒေသခံကျေးရွာ မိသားစုဝင်များအား စာရင်းဇယားများကောက်ခံနေစဉ်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောတပ်နယ်ရှိ စစ်ဦးစီးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်ရှိ စစ်ဦးစီးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများကို တွေ့ဆုံအမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏တာဝန်၊ ကာကွယ်ရေးတာဝန်ထမ်းဆောင်မှု၊ တပ်မတော်ကို အင်အားခိုင်မာအောင် တည်ဆောက်ရာတွင် စည်းလုံးညီညွတ်ရေးသည် အရေးပါမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စ ပြည်တွင်း ငြိမ်းချမ်းရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းတပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့် အစည်းအဝေး ကျင်းပ







**နေပြည်တော် နိုဝင်ဘာ ၁၄**

စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom II ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်မျိုးဆွေဝင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့် အရာရှိကြီးများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Abul Hossain, ndc, psc, P Eng၊ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သည်။

အစည်းအဝေးတွင် တတိယအကြိမ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့တို့၏ နယ်စပ်ဆိုင်ရာအစည်းအဝေး သဘောတူညီချက်များမှ ဆောင်ရွက်ရန် အချက်များ၊ နယ်စပ်ဒေသ၌ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံမှုရှိစေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်အကောင်အထည်ဖော်ရန်များ၊ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်သော တပ်ရင်းမှူးအဆင့်၊ ကွပ်ကဲရေးမှူးအဆင့် ပုံမှန်အလံတင် အစည်းအဝေးများ ကျင်းပ၍ ဆွေးနွေးညှိနှိုင်းရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ခြင်းနှင့် အပြန်အလှန်ဆက်သွယ်မှုများ အလေးထားဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် ဟန်ချက်ညီပူးပေါင်း ကင်းလှည့်ခြင်းကို စဉ်ဆက်မပြတ်ပြုလုပ်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေးတွင် ထိရောက်မှုရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ တရားမဝင် ငါးခိုးဖမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ARSA အကြမ်းဖက်အဖွဲ့မှ အကြမ်းဖက်သမားများ ဖမ်းဆီးခြင်းနှင့် လွှဲပြောင်းလက်ခံခြင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး၊ နယ်စပ်ဆက်ဆံရေးရုံး (BLO) အပြန်အလှန်ဖွင့်လှစ်ထူထောင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦးအား ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Abul Hossain, ndc, psc, P Eng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က သီးခြားတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်္ဂဟဟိုတယ် Grand Ballroom II တွင် ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့ Radio Fan Club အဖွဲ့ဝင်များ တွေ့ဆုံပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူကို မျက်နှာမူသည့် အစီအစဉ်ကောင်းများ ထုတ်လုပ်ရာတွင် ဒေသအလိုက် ပြည်သူများ၏ အသံများ ရရှိရေး၊ သောတရှင် ပြည်သူများထံမှ ရင်းနှီးပွင့်လင်းသော ဝေဖန်အကြံပြုချက်များရရှိပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ လေလှိုင်းပေါ်တွင် အသံဖြင့် ကျွမ်းဝင်ပြီးဖြစ်သော အစီအစဉ်တင်ဆက်သူများနှင့် သောတရှင်များ တိုက်ရိုက်တွေ့ဆုံ ရင်းနှီးခွင့်ရရှိခြင်းဖြင့် မြန်မာ့အသံအပေါ် ချစ်ခင်နွေးထွေးမှုနှင့် ယုံကြည်မှု ပိုမိုရှင်သန်ခိုင်မာစေရေး၊ လူမှုကွန်ရက်နှင့် အခြားသတင်းရင်းမြစ်များမှ ရရှိလာသည့် သတင်းအချက်အလက်များ ဟုတ် မဟုတ်၊ မှန် မမှန် အတည်ပြုပေးနိုင်မည့် အမာခံဒေသခံများရရှိရေးနှင့် မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား မြန်မာ့အသံ၏ အမာခံ သောတရှင်များအဖြစ်မှ အမာခံသတင်းထောက်များအဖြစ်သို့ စည်းရုံးဖော်ဆောင်ရေးဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံ အစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ရာ မိုးညှင်းခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အပါအဝင် အခြားနီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့ တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၆၇-၇၉၂၁၅၊ ၀၉-၄၂၆၉၇၉၆၄၇ နှင့် ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ဒီဇင်ဘာ ၈ ရက် နောက်ဆုံးထား၍ စာရင်းသွင်းကြရမည်ဖြစ်သည်။ မြန်မာ့အသံ ချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်နိုင်ပြီး အခမ်းအနား တက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြသည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင် ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်း-၀၆၇-၇၉၃၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ Radio Fan Club အဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင်လည်းကောင်း အသီးသီး ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

**ကြေးမုံ**



**ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖလား အသက် ၂၂ နှစ်အောက် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော ကျောင်းစုရပ်ကွက်အသင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်မှ ဆုဖလားနှင့် ငွေသားဆု ချီးမြှင့်အပြီး တွေ့ရစဉ်။**

ကျော်ကျော် (IPRD)

# Third Party စနစ် မှန်ကန်စွာကျင့်သုံးနိုင်ရန် ဝန်ကြီးဌာနများအနေဖြင့် စနစ်အနည်းငယ် ပြောင်းလဲကြရမည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဌာနကို ၃ နှစ်အတွင်း Regulatory Body ဖြစ်ရန် ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲစဉ်ကာလတည်ဆောက်ရေးလုပ်ငန်းများကိုလည်း Third Party စနစ်ဖြင့် အစစ်ဆေးခံသွားမည်ဖြစ်ပါကြောင်း **ဒုတိယဝန်ကြီး ဦးကျော်လင်း**က ရှင်းလင်းပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် **ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသည့် နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ထိုသို့ ပြန်လည်ရှင်းလင်း ဖြေကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက Third Party စနစ်မှန်ကန်စွာ ကျင့်သုံးနိုင်ရန် ဝန်ကြီးဌာနများအနေဖြင့် စနစ်အနည်းငယ်ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်ရေးဆွဲရာတွင် Consultant များ ငှားရမ်းဆောင်ရွက်ပြီးမှသာ မည်သည့်နည်းစနစ်ဖြင့် ဆောင်ရွက်မည်၊ ခန့်မှန်းခြေ မည်မျှကုန်ကျမည် စသည်တို့ကို ကန်ထရိုက်တာများထံ ချပြသင့်ပါကြောင်း၊ Third Party စနစ်ဖြင့် စစ်ဆေးရာတွင် ဒီဇိုင်း၊ လျှပ်စစ်နှင့် ရေ၊ ဘူမိနည်းပညာ၊ စက်မှုဆိုင်ရာများနှင့် မီးဘေးကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်ရန်လိုအပ်ပါကြောင်း၊ စစ်ဆေးသူပညာရှင်များသည် စစ်ဆေးမည့် စီမံကိန်းကို ဒီဇိုင်းပြုလုပ်ထားသည့် ဗိသုကာအင်ဂျင်နီယာအဖွဲ့အစည်းများ၊ ကန်ထရိုက်တာ အဖွဲ့အစည်းများတွင် ပါဝင်၍ မရပါကြောင်း၊ သက်ဆိုင်ရာအင်ဂျင်နီယာဝန်ထမ်းများနှင့်လည်း ဆက်သွယ်၍ မရပါကြောင်း၊ စစ်ဆေးသူပညာရှင်များသည် သက်ဆိုင်ရာကဏ္ဍများတွင် Professional ဖြစ်ရန်လိုအပ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေးများကို စမ်းသပ်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများတွင် Mini - Lab များ တည်ထောင်ထားပါကြောင်း၊ Third Party များအနေဖြင့် အဆိုပါ ဓာတ်ခွဲခန်းများကို အသုံးပြုနိုင်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာ့စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Third Party Inspection Programme တွင် ပါဝင်သည့် အဖွဲ့အစည်းများ၏ တာဝန်များကို သတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သီးခြားပြဋ္ဌာန်းပေးရန်လည်း လိုအပ်ပါကြောင်း၊ Third Party Inspection Programme ကို အကောင်အထည်ဖော်မည့် အဖွဲ့အစည်း၊ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်း စည်းကမ်းများ၊ လမ်းညွှန်လက်စွဲစာအုပ်များနှင့် Third Party Inspection Programme ဖြင့် စစ်ဆေးရာတွင် ကုန်ကျမည့် အခကြေးငွေများကို ပြုစုရေးဆွဲသတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ Third Party စနစ်ကို မှန်ကန်စွာ ကျင့်သုံး အကောင်အထည်ဖော်နိုင်မည်ဆိုပါက တည်ဆောက်ရေးလုပ်ငန်းများ ကုန်ကျစရိတ်မှန်ကန်စွာဖြင့် အရည်အသွေး စံချိန်စံညွှန်းမီသည့် Public Safety ရှိသည့် အဆောက်အအုံများ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ Third Party စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဌာနသည် Regulatory Body အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကန်ထရိုက်လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကန်ထရိုက်တာများ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းအားလုံးကို အရည်အသွေးမီ စံချိန်စံညွှန်းမီဖြစ်စေရန် Third Party စနစ်ကျင့်သုံး၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ပြန်လည်ရှင်းလင်းသည်။



ဒုတိယဝန်ကြီး
ဦးကျော်လင်း



ဂန့်ဂေါ မဲဆန္ဒနယ်မှ
ဒေါ်ယဉ်မင်းလှိုင်



ရွှေကျင် မဲဆန္ဒနယ်မှ
ဦးစောသလေးစော

အဆိုနှင့် စပ်လျဉ်း၍ **ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစော** က Third Party အဖွဲ့အစည်းကို မည်သို့ဖွဲ့စည်းမည်၊ မည်သို့စစ်ဆေးမည်၊ တာဝန်ယူတာဝန်ခံမှု မည်မျှထိရှိမည်၊ မည်သည့်အတိုင်းအတာအထိ ထိန်းကျောင်းခွင့်ပေးမည် စသည်တို့ကို တိတိကျကျဖြစ်စေရန် ဥပဒေ မပြဋ္ဌာန်းနိုင်မီကာလအတွင်း ညွှန်ကြားချက်များ ထုတ်ပြန်သတ်မှတ်ပေးရန်လိုအပ်ပါကြောင်း၊ Third Party အဖွဲ့အစည်းသည် သီးခြားလွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရရှိရေးသည် အထူးအရေးကြီးပါကြောင်း၊ Third Party အဖွဲ့အစည်း၏ တာဝန်ယူတာဝန်ခံမှုများ ရှင်းလင်းခိုင်မာစေရန် စည်းမျဉ်းစည်းကမ်းများနှင့် ပြစ်မှုပြစ်ဒဏ်များ တိကျစွာ သတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုကို ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ တမူး မဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်၊ ပုလော မဲဆန္ဒနယ်မှ ဦးအုန်းခင်၊ သီပေါ မဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ဖျာပုံ မဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ညောင်တုန်း မဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ဘီးလင်း မဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ တံတားဦး မဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ ဇလွန် မဲဆန္ဒနယ်မှ ဦးအောင်မင်းနှင့် ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်တို့ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် **အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်**က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြရာ **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်**က လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးတွင် **ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်**၏ ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဒရယ်မီးချောင်းတံတားအမှတ် ၁/၈၇ တံတားကြီးအား ၄ လမ်းသွားတံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဦးကျော်လင်း**က ရန်ကုန်-မန္တလေး ကားလမ်းဟောင်းရှိ ဒရယ်မီးချောင်းတံတား (ပေ-၂၀၀) ကို ၄ လမ်းသွား ကွန်ကရစ် တံတားအသစ်အဖြစ် တည်ဆောက်ပေးနိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြတောင်းခံထားပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**မြစ်သား မဲဆန္ဒနယ်မှ ဒေါက်တာ ဦးလင်းလင်းကျော်**၏ မြစ်သားမြို့နယ် အမှတ် (၄) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လမ်းတံတားတည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက **ဒေးဒရဲ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို**၏ ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကြံ့ကြပ်၊ သာယာကုန်း၊ သံဒိဇီးဖြူကုန်း ဆက်သွယ်သော လမ်းအရှည် ၁၄ မိုင် ၆ ဖာလုံအား ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ **ပလက်ဝ မဲဆန္ဒနယ်မှ ဦးစိန်အောင်**၏ ပလက်ဝမြို့နယ် ပျဉ်ဝကျေးရွာမှ အီဝရွာနှင့် တပ်ချောင်းရွာတို့ကို ဖြတ်၍ သံထောင်ရွာအထိ ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် **သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး**၏ သနပ်ပင်မြို့နယ် မင်းရွာ-ကျောင်းစု သစ်သားတံတားနှင့် တာဝ-ရေတံခါး သစ်သားတံတားအား သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်**က **စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဌေးငွေ**က စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိတိကျကျဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**သတင်းစဉ်**

# အင်္ဂလိပ်ဘာသာစကားကို အထက်တန်းပညာရေး ပြီးဆုံးချိန်တွင် ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ခေတ်နှင့် လျော်ညီစွာ ပြောင်းလဲသင့်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်း ၅ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ ခု ဆွေးနွေးခြင်းနှင့် အဆို ၁ ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း တစ်ယူနစ်လျှင် ပျမ်းမျှကုန်ကျစရိတ် ကျပ် ၁၀၀ ခန့်ရှိနေကြောင်းနှင့် နှစ်စဉ် အရှုံးဖြင့် လည်ပတ်နေရသည်ဟု သိရှိရပါသဖြင့် ဤကဲ့သို့ ထုတ်လုပ်မှုစရိတ် ကြီးမြင့်နေရခြင်းနှင့် နှစ်စဉ်အရှုံးပေါ်နေရခြင်း၏ အရင်းအမြစ် အကြောင်းတရားကို လေ့လာဖော်ထုတ်၍ အဆိုးများကို ဖယ်ထုတ်ကာ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးရှိစေမည့် မြန်မာ့လျှပ်စစ်ကဏ္ဍ တည်ငြိမ်မြင့်မားလာစေမည့် အစီအစဉ်ကောင်းများ ရှာဖွေလုပ်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်ကဏ္ဍတွင် ဘဏ္ဍာနှစ်အလိုက် အရှုံးအမြတ်အခြေအနေနှင့် ရောင်းရဝင်ငွေများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရောင်းရငွေ တစ်ယူနစ် ပျမ်းမျှ ၇၄ ဒသမ ၁၄ ကျပ်၊ ထုတ်လုပ်မှု တစ်ယူနစ် ပျမ်းမျှ ၇၄ ဒသမ ၈၅ ကျပ်၊ အရှုံးတစ်ယူနစ် ပျမ်းမျှ သုည ဒသမ ၇၁ ကျပ်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရောင်းရငွေ တစ်ယူနစ် ပျမ်းမျှ ၇၀ ဒသမ ၄၂ ကျပ်၊ ထုတ်လုပ်မှုတစ်ယူနစ် ပျမ်းမျှ ၉၀ ဒသမ ၆၅ ကျပ်၊ အရှုံးတစ်ယူနစ် ပျမ်းမျှ ၂၀ ဒသမ ၂၃ ကျပ်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရောင်းရငွေ တစ်ယူနစ်ပျမ်းမျှ ၆၉ ဒသမ ၀၂ ကျပ်၊ ထုတ်လုပ်မှုတစ်ယူနစ်ပျမ်းမျှ ၉၆ ဒသမ ၁၂ ကျပ်၊ အရှုံး တစ်ယူနစ်ပျမ်းမျှ ၂၇ ဒသမ ၁၀ ကျပ်ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှု စရိတ်ကြီးမြင့်ရခြင်းမှာ ဓာတ်အားထုတ်လုပ်မှု၌ နိုင်ငံပိုင်စက်ရုံများထက် ထုတ်လုပ်မှုစရိတ်မြင့်မားသော ပုဂ္ဂလိကပိုင်စက်ရုံများ၏ ပါဝင်မှုအချိုးအစား နှစ်စဉ် တိုးတက်လာခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်စက်ရုံများ၏ ပါဝင်မှုအချိုးအစားမှာ နှစ်စဉ်မြင့်တက်လာခဲ့ပြီး ယခုအချိန်တွင် ၅၀ ရာခိုင်နှုန်းအထိ ပါဝင်မှုရှိပြီဖြစ်ပါကြောင်း၊ ဓာတ်အားထုတ်လုပ်မှုတွင် စွမ်းအင်အမျိုးအစား ပါဝင်မှု၌ စရိတ်သက်သာသော ရေအားမှ ထုတ်လုပ်မှုထက် ကုန်ကျစရိတ်မြင့်မားသော သဘာဝဓာတ်ငွေ့မှ ထုတ်လုပ်မှု ပိုမိုများပြားခြင်းသည်လည်း ပျမ်းမျှထုတ်လုပ်မှုစရိတ် ကြီးမြင့်မှုဖြစ်ပေါ်စေပါကြောင်း။



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဒေါ်ထုမေ



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၇)မှ ဦးနိုင်သီဟ

နိုင်ငံခြားငွေလဲလှယ်နှုန်းသည် နှစ်စဉ် များစွာပြောင်းလဲလာခြင်းကြောင့် ပုဂ္ဂလိကစက်ရုံများမှ ဓာတ်အားဝယ်ယူရသည့်နှုန်းမြင့်မားခြင်း၊ သဘာဝဓာတ်ငွေ့စက်ရုံများ လည်ပတ်ရန်အတွက် ကမ်းလွန်မှ ဓာတ်ငွေ့ဝယ်ယူရသည့် စရိတ်မြင့်တက်လာခြင်းတို့ကြောင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းပြောင်းလဲလာသည်နှင့်အမျှ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်သည်လည်း နှစ်စဉ်မြင့်တက်လာရပါကြောင်း၊ လက်ရှိဓာတ်အားခနှုန်းထားမှာ ထုတ်လုပ်မှုကုန်ကျစရိတ် ကာမိစေသော နှုန်းထားမဖြစ်ခြင်း၊ အိမ်သုံး၊ စီးပွားရေးသုံး၊ စက်မှုသုံးတို့တွင် စျေးနှုန်းအနည်းဆုံးဖြစ်သော အိမ်သုံးနှုန်းထားဖြင့် သုံးစွဲသူအများဆုံးဖြစ်နေခြင်း၊ ဓာတ်အားခဝင်ငွေ နည်းပါးစွာ ရရှိခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ဓာတ်အားသုံးစွဲမှုတွင် စီးပွားသုံး၊ စက်မှုသုံး (၇၅-၁၅၀)ကျပ် ပါဝင်မှုအချိုး၊ အိမ်သုံး (၃၅-၅၀)ကျပ် ပါဝင်မှုအချိုးမှာ နှစ်စဉ်မြင့်တက်လာသဖြင့် ဓာတ်အားတစ်ယူနစ်ပျမ်းမျှ ဝင်ငွေလျော့ကျလာခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပျောက်ဆုံးမှုကို လက်ရှိထက်လျော့ကျစေခြင်း၊ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်ကာမိစေမည့် သင့်တင့်မျှတသော ဓာတ်အားခနှုန်းထားသစ်ကို အမြန်ဆုံးပြင်ဆင်သတ်မှတ်ခြင်း၊ ထုတ်လုပ်မှုစရိတ်မြင့်မားသော သဘာဝဓာတ်ငွေ့အပေါ် မှီခိုမှုကို လျှော့ချ၍ စရိတ်သက်သာသော ရေအားလျှပ်စစ်နှင့် အခြားစွမ်းအင်အရင်းအမြစ်များမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအေးဗိုလ်၏ **ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လှိုင်သာယာ-ပုသိမ် ကားလမ်းမ၊ လှိုင်သာယာ-ညောင်တုန်းကားလမ်းမဘေးရှိ ရေမြောင်းထဲမှ ကျူးကျော်တဲများ၊ ကားရေဆေးလုပ်ငန်း လုပ်ကိုင်နေသူများနှင့် ပျို့ဥယျာဉ်အရောင်းဆိုင်များကို မည်သည့်အချိန်၌ ဖယ်ရှားရှင်းလင်းပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ပုသိမ်ကားလမ်းမနှင့် ညောင်တုန်းကားလမ်းမ လမ်းမကြီး ၂ ခုသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့်လမ်းများဖြစ်ပြီး တာဝန်ယူ ပြုပြင်ထိန်းသိမ်းနေသော လမ်းများဖြစ်ပါကြောင်း၊ လှိုင်သာယာ-ပုသိမ်ကားလမ်းမဘေးရှိ ရေမြောင်းအတွင်းရှိ စက်မှုဇုန်(၂) (၃) (၄)အရှေ့ ရေညက်ကုံကျေးရွာအပိုင်းတွင် ကျူးကျော်တဲ ၂၅၀ ကျော်ခန့်၊ ရွှေသံလွင်စက်မှုဇုန်နှင့် အနော်ရထာစက်မှုဇုန်တို့၏ အရှေ့ ပဒံကျေးရွာအပိုင်းတွင် ကျူးကျော်တဲ ၄၀၀ ကျော်ခန့်ရှိပါကြောင်း၊ ကျူးကျော်တဲပေါင်း ၆၅၀ ကျော်အား ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးရေးသုတေသနစီမံကိန်း၊ ကျူးကျော်နေထိုင်သူများစာရင်း ကောက်ယူခြင်းလုပ်ငန်းမှ အိမ်ထောင်စုသက်သေခံကတ်(Smart Card) များ

**စာမျက်နှာ ၆ သို့**

○ စာမျက်နှာ ၅ မှ

ထုတ်ပေးထားပြီးဖြစ်ပါကြောင်း ပုသိမ်လမ်းနှင့် ညောင်တုန်းလမ်းဘေးရှိ ကျူးကျော်တဲများအားအမှီပြု၍ ဖြစ်ပေါ်လာသော ကားရေဆေးလုပ်ငန်း ၄၀ ခုနှင့် ပန်းပျိုးဥယျာဉ်အရောင်းဆိုင်ခုနစ်ခုတို့အား လမ်းသားပေါ် ကျူးကျော်ခင်းကျင်း လုပ်ကိုင်ရောင်းချမှုမရှိစေရေး စည်ပင်သာယာအနေဖြင့် စဉ်ဆက်မပြတ် စည်းကမ်းထိန်းဆောင်ရွက်လျက်ရှိရာ မလိုက်နာသည့် လုပ်ငန်းများအား တရားစွဲဆို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျူးကျော်ကိစ္စများကို ကိုင်တွယ်သည့် အခါတွင် ဘက်ပေါင်းစုံမှ စဉ်းစားရပြီး ကျူးကျော်သူများနှင့် တိုင်းဒေသကြီး အစိုးရအတွက် ငွေ၊ အချိန်၊ စီမံကိန်းနှင့် ဆောင်ရွက်နေရသည်ဖြစ်ပါကြောင်း၊ Smart Card များထုတ်ပေးထားသည့် အဆင့်ရောက်နေပြီဖြစ်သောကြောင့် ဖြေရှင်းပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်းနှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းတို့က ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် **မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းက ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက **မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း(အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသားကျောင်းသူအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုး(4 skills- reading, writing, speaking, listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ မြန်မာနိုင်ငံအနေဖြင့် အင်္ဂလိပ်ဘာသာကို သူငယ်တန်းမှစ၍ အထက်တန်း၊ တက္ကသိုလ်အထိ ဆက်လက်သင်ကြားပေးပါကြောင်း၊ အထက်တန်းပြီးချိန်တွင် ကျောင်းသားအများစုသည် အင်္ဂလိပ်ဘာသာကို နားလည်၊ ရေးသား၊ ပြောဆို ဆက်သွယ်အသုံးချရန် အခက်အခဲရှိနေဆဲဖြစ်ပါကြောင်း၊ တက္ကသိုလ်မှဘွဲ့ရ၊ မဟာဘွဲ့ရ၊ ပါရဂူဘွဲ့ရသည်အထိ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချနိုင်ရန် စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာစကားကို ပညာရပ်ဆိုင်ရာနှင့် လုပ်ငန်းခွင်များတွင် အသုံးပြုနိုင်ရန် ပြင်ပဘာသာစကားသင်ကျောင်းများတွင် အချိန်နှင့်ငွေစိုက်ထုတ်ပြီး ထပ်မံသင်ယူကြရပါကြောင်း၊ လုပ်ငန်းခွင်ရောက်သည်ထိ အစိုးရဌာနနှင့် ကုမ္ပဏီများက အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပြီး ထပ်မံသင်ကြားပေးနေရပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိပြဋ္ဌာန်းထားသည့် အင်္ဂလိပ်စာသင်ရိုးညွှန်းတမ်းများတွင် ရေးခြင်း၊ ဖတ်ခြင်းဆိုသည့် (reading and writing skills) နှစ်ခုကိုသာ အဓိကထားသင်ကြားပေးနေသည်ကို တွေ့ရပါကြောင်း၊ စာမေးပွဲစစ်ဆေးရာတွင်လည်း reading and writing skills ကိုသာလျှင် အဓိကထား စစ်မေးနေသည်ကိုတွေ့ရပါကြောင်း၊ အဓိကထားသင်ပေးနေသည့် skills နှစ်ခုကို တတ်မြောက်အသုံးချနိုင်စွမ်းနိမ့်ပါးနေသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသားများ၏ အင်္ဂလိပ်စာအသုံးချပြောဆို ဆက်သွယ်နိုင်မှုအားနည်းသည့်အတွက် အလုပ်အကိုင်အခွင့်လမ်းကောင်းများကို ပြည်တွင်းမှာပင် လက်လွတ်ဆုံးရှုံးနေကြရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိသည့် ကျောင်းသားများအနေဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကိုအသုံးချပြီး နိုင်ငံတကာ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ဆည်းပူးနိုင်ရန်အတွက် အင်္ဂလိပ်စာကို အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာတွင် ပညာသင်ဆုများကို ယှဉ်ပြိုင်ရယူနိုင်ရေး၊ ကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အလုပ်အကိုင်များရရှိရေးအတွက် အင်္ဂလိပ်စာတတ်မြောက်ရန် လိုအပ်နေပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ များများရရှိမှသာလျှင် ဆင်းရဲမွဲတေမှုမှ လွတ်မြောက်နိုင်မည်ဖြစ်ပါကြောင်း၊ ဘဝတစ်သက်တာလုံး ကိုယ်တိုင် သင်ယူလေ့လာမှုပြုနိုင်သည့် နိုင်ငံသားများ မွေးထုတ်ရန်အတွက် အင်္ဂလိပ်ဘာသာစကားကို အထက်တန်းပညာရေးပြီးဆုံးချိန်တွင် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးနည်းစနစ်နှင့် အကဲဖြတ်နည်းစနစ်များကို ခေတ်နှင့်လျော်ညီစွာပြောင်းလဲသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၉/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁) ကြည်း ၁၇၉၄၃ ဗိုလ်ချုပ် တောက်ထွန်း — အစား — ကြည်း ၁၈၁၉၀ ဗိုလ်ချုပ် တင်ဆွေဝင်း
(၂) ကြည်း ၁၈၈၅၆ ဗိုလ်မှူးချုပ် တင်စန်းနိုင် — အစား — ကြည်း ၁၉၅၁၁ ဗိုလ်မှူးချုပ် ရဲနိုင်မျိုး
(၃) ကြည်း ၂၃၉၈၀ ဒုတိယဗိုလ်မှူးကြီး ကျော်လင်းဦး — အစား — ကြည်း ၁၉၉၉၁ ဗိုလ်မှူးကြီး တင်ထွန်းဦး

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃၀/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၁၆-၅-၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၉/၂၀၁၇) နှင့် ၂၁-၈-၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁) ကြည်း ၁၉၅၂၅ ဗိုလ်မှူးချုပ် ခင်မောင်အေး — အစား — ကြည်း ၁၇၅၁၆ ဗိုလ်ချုပ် ဝင်းသိန်း
(၂) ကြည်း ၂၀၆၈၂ ဗိုလ်မှူးကြီး တင်အောင်ထွန်း — အစား — ကြည်း ၂၇၃၇၀ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုး
(၃) ကြည်း ၂၈၄၈၈ ဗိုလ်ကြီး ထွန်းထွန်းငွေ — အစား — ကြည်း ၂၉၁၁၀ ဗိုလ်မှူး မျိုးမင်းအောင်

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃၁/၂၀၁၇ )**

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့အား ယှဉ်တွဲပါ အတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(က) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၂၄၈၈၂ ဗိုလ်မှူး တင်လှိုင် — အစား — ကြည်း ၂၇၈၉၇ ဗိုလ်မှူး နေလင်းရှိန်
(၂) ကြည်း ၃၉၀၅၁ ဗိုလ်မှူး ကျော်ဇင်လတ် — အစား — ကြည်း ၂၇၃၈၅ ဗိုလ်မှူး ကျော်သူရွှေ

(ခ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၄၂၉၆၃ ဗိုလ်ကြီး/ဗိုလ်မှူး ခိုင်ဟိန်း — အစား — ကြည်း ၃၄၁၄၄ ဗိုလ်ကြီး ထွန်းလင်းထိုက်

(ဂ) **ရှမ်းပြည်နယ်လွှတ်တော်**
ကြည်း ၄၃၂၁၀ ဗိုလ်ကြီး/ဗိုလ်မှူး ကျော်ခန့် — အစား — ကြည်း ၃၉၉၇၇ ဗိုလ်ကြီး ကျော်သူဝင်း

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ် အိုဟောင်းဘတ်စ်ကားများ နိုဝင်ဘာ ၂၀ နောက်ဆုံးထား အပ်နှံရမည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်မြို့ YBS ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများတွင် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်း ခရီးသည်တင်ဘတ်စ်ကား အစီး ၄၀၀ ကျော်ခန့်ရှိရာ အဆိုပါယာဉ်ဟောင်းများ ယခုလ ၂၀ ရက် နောက်ဆုံးထားကာ အပ်နှံစာရင်းပေးရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လက်ရှိ YBS ယာဉ်လိုင်းများတွင် ပြေးဆွဲလျက်ရှိသည့် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်း ခရီးသည်တင်ဘတ်စ်ကား အစီး ၄၀၀ ကျော်ခန့်ရှိရာ ယခုလအတွင်း အစီးရေ ၃၀၀ ခန့်အပ်နှံရန် အဆိုပြုလာမှုရှိခဲ့ပြီး ကျန်ယာဉ်များအားလုံး နိုဝင်ဘာ ၂၀ ရက်တွင် နောက်ဆုံးထားအပ်နှံရမည်ဖြစ်၍ ပြည်ပမှဝယ်ယူထားသော ယာဉ်အသစ်များဖြင့် အစားထိုး ပြေးဆွဲနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"အခု ဒီ ၉၈ မော်ဒယ်အထိ စာရင်းရှိ အစီး ၄၀၀ လောက်ရှိလာပါတယ်၊ ဒီကားတွေကို အပ်နှံလက်ခံဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ၊ ဒီလ ၂၀ ရက်နောက်ဆုံးထားပြီးတော့ စာရင်းပေးရမယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

သက်တမ်း နှစ် ၂၀ နှင့်အထက် အိုဟောင်းဘတ်စ်ကားများအား အစားထိုးလဲလှယ်သည့် အစီအစဉ်အရ ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများအား အပ်နှံ၍ လူစီးယာဉ်စလစ်ထုတ်ပေးခြင်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင် လက်ခံဆောင်ရွက်ပေးခဲ့ပြီး ယခုဆက်လက်၍ ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ် အိုဟောင်း ခရီးသည်တင်ဘတ်စ်ကားအစီး ၄၀၀ ကျော်ခန့်ကို ယခုနှစ်အတွင်း အပ်နှံမှု လက်ခံပေးသွားမည်ဖြစ်သည်။

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနေသော ဘတ်စ်ကားစီးရေမှာ အစီး ၄၀၀၀ ခန့်ရှိပြီး အပ်နှံပြီး ဘတ်စ်ကားဟောင်းများနေရာတွင် လက်ရှိ အစိုးရက ဝယ်ယူထားသော ခရီးသည်တင် ယာဉ်အစီး ၁၀၀၀၊ ပုဂ္ဂလိက ကုမ္ပဏီတို့က ဝယ်ယူထားသော ခရီးသည်တင် ယာဉ် အစီး ၁၀၀၀ ကျော် အပါအဝင် ကားသစ် အစီး ၂၆၀၀ ခန့် ဝင်ရောက်ပြေးဆွဲလျက်ရှိရာ လက်ရှိတွင် အစိုးရ အစီအစဉ်ဖြင့် တင်သွင်းလာသည့် ဘတ်စ်ကားအစီး ၁၀၀၀ အနက် အစီးရေ ၃၀၀ ခန့် ပြေးဆွဲရန် ကျန်ရှိနေသေးကြောင်း၊ ယာဉ်ဟောင်းများအပ်နှံ၍ ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**ဆုနှင်းလှဲ့**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# စနစ်ပြောင်း ခေတ်ပြောင်းခြင်းရဲ့ နိဒါန်း

မင်းသိမ်း(နေပြည်တော်)

နိုင်ငံရေးဆိုတာ ဘယ်လိုဟာမျိုးလဲလို့ ငယ်စဉ်ကျောင်းသားဘဝက စိတ်ဝင်စားခဲ့မိပါတယ်။ လူတွေနဲ့ စကားပြောတဲ့အခါ နိုင်ငံရေးဝေါဟာရစကားတွေ အမြဲထည့်သွင်းပြောတတ်တဲ့သူတွေကို နိုင်ငံရေးလုပ်နေကြတဲ့ သူတွေလို့ထင်ခဲ့မိတယ်။ တကယ်တော့ နိုင်ငံရေးဆိုတာဟာ "ဦးနှောက်နဲ့နှလုံးသား တွဲဖက်လုပ်ဆောင်ရတဲ့အရာ၊ တစ်နည်း အလိုဆန္ဒခံစားချက်၊ ဒါမှမဟုတ် စိတ်ခံစားတဲ့ ပေးတဲ့ စွမ်းအားနဲ့ လှုပ်ရှားမောင်းနှင်ရတဲ့အရာ"ဆိုတာကို လူလတ်ပိုင်းအရွယ်ရောက်မှ သိမြင်လာခဲ့ပါတယ်။

တစ်ချိန်တည်းပဲ နိုင်ငံရေးသဘောတရားတွေ နားလည်ဖို့လိုကြောင်း သိလာတဲ့အချိန်မှာ အတိတ်က အကြောင်းခြင်းရာတွေရော၊ ပစ္စုပ္ပန်အခြေအနေတွေရော သိချင်လာခဲ့တယ်။ မိမိတတ်ကျွမ်းနားလည်တဲ့ ကဏ္ဍအတွက် ထောက်ပြဝေဖန်ခြင်း၊ အများသိအောင်ပြောဆိုခြင်း၊ ကိုယ်တိုင် ကမကထပြုဆောင်ရွက်ခြင်းမျိုး ကြိမ်ဖန်များစွာပြုလုပ်နိုင်လေ လောကရဲ့အမှားအမှန်၊ တရားခြင်း၊ မတရားခြင်းတွေကို သတိပြုမိလာခဲ့ပါတယ်။

တကယ်တော့ ပရဟိတလုပ်ငန်းလုပ်ကိုင်သူတိုင်းဟာ နိုင်ငံရေးသမားပါပဲ။ နိုင်ငံရေးသမားကောင်းဖြစ်ချင်ရင် ပရဟိတလုပ်ငန်းတွေကို များများလုပ်ရပါမယ်။ မယုံကြည်တာကို မယုံကြည်သလိုပဲ ပြောရမယ်။ နားမလည်တာကို နားလည်ချင်ယောင် မဆောင်ရဘူး။ မှားရင်လည်း ဝန်ခံဖို့ ဝန်မလေးရဘူး။ အခြားသူတွေရဲ့ ဝေဖန်ထောက်ပြမှုတွေကိုလည်း ကျိုးကြောင်းသင့်စွာ ရှင်းလင်းပြောဆိုနိုင်စွမ်းရှိရပါ့မယ်။ ဒီလိုအရည်အချင်းမျိုး၊ ဒီလိုခံယူချက်မျိုးရှိမှ နိုင်ငံက အားကိုးရတဲ့၊ အားထားရတဲ့ နိုင်ငံရေးသမားဆိုတာကို ကွယ်လွန်သူ ကျေးဇူးရှင်ဖေဖေရဲ့ ပြောစကားတွေထဲက မှတ်သားခဲ့ဖူးပါတယ်။

၂၀၀၇ ခုနှစ်က ထုတ်ဝေခဲ့တဲ့ သုတေသီ ဒရူးဝက်စတင်းရဲ့ "နိုင်ငံရေးဦးနှောက်"အမည်ရှိ စာအုပ်မှာ ဘာဖော်ပြထားသလဲဆိုတော့ နိုင်ငံရေးနယ်ပယ်မှာ အောင်မြင်မှုရရှိလာမယ့် ပုဂ္ဂိုလ်တစ်ယောက်မှာ ဘယ်လို ဉာဏ်ရည်ဉာဏ်သွေးမျိုး ရှိဖို့လိုတယ်။ နိုင်ငံရေးဉာဏ်ရည် (Political Intelligence) မှာ ဘယ်လို ဉာဏ်မျိုး၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးမျိုး ရှိသင့်ကြောင်း သုံးသပ်ဖော်ပြထားတာကို တွေ့ရပါတယ်။ အဓိကကတော့ စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည် (Emotional Intelligence)ပဲ ဖြစ်ပါတယ်။ အပြောစွမ်းရည် ဒါမှမဟုတ် ဘာသာစကားဆိုင်ရာဉာဏ်ရည် (Verbal (or) Linguistic Intelligence) ရှိဖို့ အလွှာပေါင်းစုံ၊ လူပေါင်းစုံရဲ့ ဝေဖန်ပြောကြားလာတဲ့စကားတွေကို အလွယ်တကူသဘောပေါက်ပြီး ပြဿနာရဲ့ဇာစ်မြစ်ကို ရှာတတ်ဖို့လိုကြောင်း၊ လျင်လျင်မြန်မြန် ဆုံးဖြတ်တတ်တဲ့ အထွေထွေဉာဏ်ရည်ပါ ပြည့်ဝဖို့လိုအပ်ကြောင်း ဖော်ပြထားပါတယ်။

အထူးသဖြင့် အောင်မြင်တဲ့နိုင်ငံရေးသမားဖြစ်ချင်ရင် မိမိကို ကိုယ်စားပြုတဲ့ပရိသတ်နဲ့ တစ်ထပ်တည်းကျတဲ့စိတ်ခံတတ်မျိုး ရှိဖို့လိုပါတယ်။ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံရေးသမားဟာ အကင်းပါး ရပါမယ်။ တစ်ဖက်လူရဲ့စိတ်ကို အလွယ်တကူရိပ်စားမိပြီး မိမိရဲ့စိတ်လှုပ်ရှားမှုခံစားချက်ကိုလည်း ကိုယ့်ကိုယ်ကိုယ် ပြန်သတိပြုမိတတ်ဖို့ လိုပါတယ်။ သတိပြုမိရုံမက ထိန်းကျောင်းနိုင်စွမ်းလည်း ရှိရပါမယ်။ ဆိုလိုတာက ကိုယ့်တာကိုယ်လုံဖို့ပဲဖြစ်ပါတယ်။

ယခုအခါမှာ နိုင်ငံတော်အာဏာရဲ့ မူလပိုင်ရှင်ဟာ ပြည်သူလူထုလို့ ပြောနေကြတယ်။ ဒါဆို ပြည်သူလူထုကိုယ်တိုင်ကိုက ပိုင်ရှင်စိတ်ခံတတ်ရှိဖို့ လိုပါလိမ့်မယ်။ ပိုင်ရှင်စိတ်ခံတတ်ဆိုတာဟာ မိမိပစ္စည်းကို တစ်ဦးတစ်ယောက်ကို ခဏလွှဲပေးရမယ်ဆိုပါတော့၊ ဒီပုဂ္ဂိုလ်ဟာ စိတ်ချရမယ့်သူ ဟုတ်၊ မဟုတ်၊ မိမိပစ္စည်းကို တာဝန်သိထိန်းသိမ်းမယ့်သူ ဟုတ်၊ မဟုတ် ဆန်းစစ်ပြီး တာဝန်သိမဟုတ်ပါက ပြန်လည်ရယူရပါမယ်။ ထို့အတူ ပြည်သူများကလည်း အချုပ်အခြာအာဏာရဲ့ ပိုင်ရှင်လို့ယူဆရင် တိုင်းပြည်ရဲ့ စီမံခန့်ခွဲမှုကိစ္စအဝဝကို မိမိတို့ရဲ့ကိုယ်စား မိမိတို့တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်များထံ လွှဲပေးလိုက်ရုံနဲ့ မိမိတာဝန်ပြီးဆုံးပြီလို့ မှတ်ယူလို့မရပါ။ တိုင်းပြည်ရဲ့ အရေးအရာများတွင် မိမိတတ်နိုင်သော၊ စိတ်ဝင်စားသောကိစ္စရပ်များကို သက်ဆိုင်ရာ နေရာဌာနများကနေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြဖို့ လိုပါတယ်။

မြန်မာ့သမိုင်းကိုပြန်ကြည့်ရင် နယ်ချဲ့ကျူးကျော်စဉ်ကလည်း ပြည်သူများအနေနဲ့ တိုင်းပြည်ပိုင်ရှင်စိတ်ခံတတ် အပြည့်အဝနဲ့ အသက်ပေးခုခံခဲ့တယ်။ ကိုလိုနီကျွန်ဘဝရောက်တော့လည်း "သခင်မျိုးဟေ့ ဒို့ဗမာ"လို့ ကြွေးကြော်ကာ သခင်စိတ်ခံတတ်၊ သခင်အားမာန်နဲ့ တိုက်ပွဲဝင်ခဲ့တယ်။

တကယ်တော့ ကိုယ်စိတ်ဝင်စားတဲ့ ကဏ္ဍမှာ ထောက်ပြဝေဖန်တာ၊ အများသိအောင် ပြောဆိုတာ၊ ကိုယ်တိုင် ကမကထပြုဆောင်ရွက်တာတို့ဟာ တိုင်းပြည်ကောင်းစေချင်တဲ့ ဆန္ဒရှိသူတိုင်း ဆောင်ရွက်သင့်တဲ့ အလုပ်ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့ ဦးနှောက်ဖြစ်တဲ့ ပြည်သူ့ပညာတတ်များအနေနဲ့ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနဲ့ အုပ်ချုပ်ရေး၊ တရားဥပဒေရေးရာများအပြင် ခေတ်မီနည်းပညာသစ်များ ထွန်းကားရေးအတွက် အကြံကောင်းဉာဏ်ကောင်းများနဲ့ တက်ကြွစွာ ပါဝင်လာကြဖို့လိုပါတယ်။

ဒီမိုကရေစီစနစ် ခိုင်မာစွာ အမြစ်တွယ်ဖို့ဆိုရင် အင်စတီကျူးရှင်းများ အားကောင်းဖို့ လိုပါတယ်။ ကိုယ်ပိုင်ခံယူချက်၊ ကိုယ်ပိုင်ရပ်တည်ချက်နဲ့ ဆောင်ရွက်နေကြပေမယ့်လည်း တစ်ခုနဲ့တစ်ခု ပွတ်တိုက်ခြင်း၊ ထိပ်တိုက်တွေ့ဆုံခြင်းနဲ့အတူ အပေးအယူလုပ်ကာ ညှိနှိုင်းဆောင်ရွက်ခြင်းမျိုး ပြုလုပ်ရပါမယ်။ အပြန်အလှန်သဘောမျိုး ဆောင်ရွက်နိုင်မှ နိုင်ငံရေးစနစ်ဟာ လှုပ်ရှားသက်ဝင်လာပါမယ်။ ဒါကြောင့် နိုင်ငံရေးစနစ်သစ်တစ်ခုမှာ အင်စတီကျူးရှင်းများကိုတည်ဆောက်ခြင်းဟာ စနစ်ပြောင်း ခေတ်ပြောင်းခြင်းရဲ့နိဒါန်းဖြစ်လို့ နိုင်ငံရေးသမားတွေအနေနဲ့ အင်စတီကျူးရှင်းရဲ့အကြောင်းနဲ့ ၎င်းတို့ရဲ့ သဘောသဘာဝကို ကောင်းစွာနားလည်ထားဖို့လိုပါတယ်။

အင်စတီကျူးရှင်းတို့ရဲ့အကြောင်းကို နားလည်သိမြင်ခြင်းဟာ နိုင်ငံရေးစနစ်ကို နားလည်ခြင်းဖြစ်လို့ အင်စတီကျူးရှင်းအချင်းချင်း အပြန်အလှန် တွန်းကန်ခြင်း၊ ဆွဲဆောင်စည်းရုံးခြင်းဟာလည်း နိုင်ငံရေးဖြစ်ကြောင်း နားလည်ဖို့လိုပါတယ်။ တစ်ချိန်တည်းမှာပဲ အင်စတီကျူးရှင်းမှာ ပါဝင်နေကြတဲ့သူတွေကို မူဘောင်အပြင်ဘက် မရောက်ရှိရေး နည်းဥပဒေ၊ ညွှန်ကြားချက်များနဲ့ ထိန်းကျောင်းဖို့လည်း လိုပါတယ်။ တစ်ခါတစ်ရံ အင်စတီကျူးရှင်း မှာပါဝင်နေတဲ့သူတွေဟာ မိမိတို့ဖြစ်စေချင်တဲ့ ကိစ္စရပ်တွေကို ချက်ချင်း လက်ငင်း အကောင်အထည်မပေါ်လာပါက စိတ်ရှည်ရှည်နဲ့ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေရမယ်ဆိုတာကို သိနေဖို့လိုပါတယ်။

မြန်မာ့နိုင်ငံရေးစနစ်ဟာ အသစ်ဖြစ်လို့ ရှိပြီးသား အင်စတီကျူးရှင်းများ အသက်ဝင်ရန် အရေးကြီးသလို လိုအပ်လျှင် ထပ်မံဖွဲ့စည်းရန်လည်း လိုပါတယ်။ ဒါကြောင့် နိုင်ငံရေးသမားများရဲ့တာဝန်ဟာ ဖွဲ့စည်းပြီးတဲ့ အင်စတီကျူးရှင်းများ သက်ဝင်လှုပ်ရှားနိုင်အောင် ဘက်စုံထောင့်စုံကနေ ပံ့ပိုးပေးနေရပါမယ်။

လူ့အဖွဲ့အစည်းမှာ မိသားစုဆိုတာဟာ အသေးငယ်ဆုံးသော အင်စတီကျူးရှင်းပဲဖြစ်ပါတယ်။ အသေးငယ်ဆုံးနဲ့ အရိုးရှင်းဆုံးသော အင်စတီကျူးရှင်းဖြစ်တဲ့ မိသားစုဘဝကိုတောင် အချင်းချင်း နားလည်မှု၊ အချင်းချင်း ယုံကြည်မှုတွေနဲ့ မတည်ဆောက်နိုင်ဘူးဆိုရင် လူ့အဖွဲ့အစည်းအတွင်း ပိုမိုရှုပ်ထွေးပွေလီလှတဲ့ လူပေါင်းစုံနဲ့ ဆန္ဒပေါင်းစုံ ရောယှက်ပါဝင်တဲ့ အင်စတီကျူးရှင်းကြီးများ တည်တံ့အောင်၊ သက်ဝင်လှုပ်ရှားအောင် ဆောင်ရွက်နိုင်ရေးမှာ မလွယ်သလောက် မခက်ပါ၊ အဓိကတူညီတဲ့ ဆန္ဒရှိဖို့သာ လိုပါတယ်။

ဒါကြောင့် အင်စတီကျူးရှင်းအချင်းချင်း နားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုတွေနဲ့ မြန်မာ့နိုင်ငံရေးကို ရုပ်လုံးဖော်နိုင်မယ်ဆိုရင် ရေရှည်မှာ တည်ငြိမ်အေးချမ်းပြီး တိုးတက်တဲ့ နိုင်ငံရေး စနစ်သစ်တစ်ရပ် ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ အထူးသဖြင့် ယုံကြည်မှု တည်ဆောက်ခြင်း(Trust Building)အပိုင်းမှာ အပြည့်အဝ နားလည်မှုရှိဖို့လိုပါတယ်။ လက်ဆုပ်လက်ကိုင်ပြုလို့မရတဲ့ အသိပညာ(Tacit Knowledge)ပါ၊ ပင်ကိုစွမ်းရည် (Talents)၊ အတွေ့အကြုံ (Experience) နဲ့ အရည်အချင်း (Abilities) ရှိသူများ မိမိတို့နိုင်ငံအတွင်း များစွာရှိနေလို့ တိုးတက်ပြောင်းလဲနေတဲ့အခြေအနေနဲ့ အချိန်အခါအရ ရရှိလာတဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ အပြည့်အဝ အမိအရ ဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါတယ်။

ယခုအခါမှာ လွှတ်တော်နိုင်ငံရေးဆိုတာကို ကြားနေရပြန်တယ်။ တကယ်တော့ လွှတ်တော်နိုင်ငံရေးဆိုတာဟာ နိုင်ငံ့အရေးအရာအားလုံးကို ထုတ်ဖော်ဆွေးနွေးကြတာပါ။ တစ်နိုင်ငံလုံးဆိုင်ရာကိစ္စရပ်တွေ၊ ဒေသန္တရဆိုင်ရာကိစ္စရပ်တွေနဲ့ ကဏ္ဍနယ်ပယ်စုံမှာ ကျရောက်နိုင်တဲ့ ပြဿနာတွေကို တိတိကျကျ၊ မှန်မှန်ကန်ကန်တင်ပြကာ အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြလို့ လွှတ်တော်တွင်း၊ လွှတ်တော်ပြင် ဆက်ဆံရေးဟာ တိုးတက်ကောင်းမွန်လာတာကို တွေ့ရပါတယ်။ ဘဝမှာရိုးရှင်းတာဟာ တန်ဖိုးအရှိဆုံးပါ။ ရှုပ်နေတာတွေကို ရှင်းအောင် ချက်ချင်းမလုပ်နိုင်ခဲ့ရင် အရင်သိမ်းဆည်းတတ်အောင် သင်ယူကြရမှာဖြစ်ပါတယ်။ စိတ်တိုဒေါသစိတ်တွေကို လေနဲ့အတူ လွင့်ပါးခွင့်ပေးနိုင်စွမ်းရှိအောင် ကြိုးစားကြဖို့သာ တိုက်တွန်းလိုပါတယ်။

နိုင်ငံ့အရေး ဆွေးနွေးမှုများ တိုးပွားရှင်သန်လာမှသာ မှန်ကန်သော၊ တရားမျှတသော၊ အများလက်ခံနိုင်သော သဘောထားများ ထွန်းကားပေါ်ပေါက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာမှာ များစွာ အထောက်အကူဖြစ်စေသလို ပြည်သူများအတွင်း ဒီမိုကရေစီစိတ်ခံတတ်နဲ့ အသိအမြင်များ ကိန်းအောင်းနေမှသာ မိမိတို့တိုင်းပြည်မှာ ဒီမိုကရေစီစနစ်ထွန်းကားရှင်သန်မှာ ဖြစ်ပါတယ်။

အထူးသဖြင့် လူအများကြီးကြားမှာ နေရပါရဲ့၊ အထီးကျန်ဖြစ်နေရတဲ့ ဘဝမျိုးမဖြစ်အောင် နေတတ်ဖို့ လိုပါတယ်။ လုပ်သင့်တာကို လုပ်နိုင်ပါလျက်၊ သိပါလျက်နဲ့ မလုပ်ဘဲနေရင်လည်း ကိုယ့်ကိုယ်ကိုယ် လေးစားမှု လျော့ပါးသွားတတ်ပါတယ်။ ဟန်လုပ်ပြီးနေရတာဟာ သိပ်ပြီး အထီးကျန်ဆန်ပြီး လူမသိအောင်ဖုံးရတာတွေ များလာရင်လည်း အဖော်မဲ့ အထီးကျန်ဖြစ်တတ်ပါတယ်။ နားလည်ရမှာက ဟန်လုပ်ပြီး ဆက်ဆံမှုရမယ့်သူဟာ ကိုယ့်ရဲ့တကယ့်အဖော်မွန်ကောင်းမဟုတ်ပါဘူး။ အဖော်မွန်ဆိုတာ ကိုယ့်ကို အလကားနေရင်းအပြစ်မတင်တဲ့သူ၊ မဝေဖန် မရှုတ်ချတဲ့သူဖြစ်ပေမယ့် ကိုယ်ကိုယ်တိုင်က လူတွေအပေါ်မှာ ယုံကြည်မှု၊ ခွင့်လွှတ်မှု၊ သည်းခံမှုနည်းပါးရင်လည်း အဖော်မွန် မရတတ်ပါဘူး။ ဒါကို သိဖို့ လိုပါတယ်။

တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံတဲ့နေရာမှာလည်း မဖြစ်သင့်၊ မဖြစ်ထိုက်၊ မဖြစ်နိုင်တာတွေကို မျှော်လင့်နေကြမယ်ဆိုရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တစ်ယောက်နဲ့တစ်ယောက်ဟာ ကင်းကွာသွားကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ငယ်စဉ်ကတည်းက လူတွေအကြောင်းကိုသိဖို့ လေ့လာထားသင့်တယ်။ လူဟာ အမြဲတမ်းပြောင်းလဲနေတယ်။ ကိုယ်ကိုယ်တိုင်လည်း အမြဲပြောင်းလဲနေတယ်။ အတွေးအခေါ်တွေ၊ အသိအမြင်တွေ၊ သဘောထားတွေ၊ အကြိုက်တွေ ပြောင်းလဲနေလို့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်ဖို့ အမြဲတမ်းကြိုးစားနေရပါမယ်။ လောကကြီးမှာနေပြီး ကိုယ်ကိုယ်တိုင် လူဖြစ်နေပါလျက် အခြား ပညာမတတ်ပေမယ့် လူအကြောင်းကိုမသိရင်တော့ မနက်ဖြန်ရဲ့လောကကြီးကို ဘယ်လိုမှ ပုံဖော်နိုင်မှာမဟုတ်ပါဘူး။ ဒါကိုသိဖို့ လိုပါတယ်။

ယခုခေတ်မှာ ဘဝကို ငွေရှာတဲ့ပြိုင်ပွဲလေးတစ်ခုလို့ သဘောထားနေကြတဲ့သူတွေများပါတယ်။ တကယ်တော့ ဘဝရဲ့အလှတရားဟာ ငွေမဟုတ်ပါဘူး။ ငွေဟာ ဘဝရဲ့ အရှင်သခင်လည်းမဟုတ်သလို ကိုးကွယ်ရာလည်း မဟုတ်ပါဘူး။ မေးစရာရှိပါတယ်။ ငွေမရှိဘဲ ဘာလုပ်လို့ရမှာလဲတဲ့။ ကောင်းပြီ၊ ငွေရှိပြီး ဘာတန်ဖိုးမှမရှိတဲ့သူတွေ အများကြီးပါ။ လူတွေ တကယ်လိုချင်တာ ဘာလဲ၊ ပြည်သူတွေ အပါအဝင်ပါပဲ 'စိတ်ချမ်းသာမှု'ပါ။ စိတ်ချမ်းသာမှုကိုလိုချင်ရင် ကိုယ့်ကိုယ်ကိုယ် လေးစားတဲ့သူဖြစ်အောင် နေဖို့လိုတယ်။ ကိုယ့်ကိုယ်ကိုယ် ဘာကြောင့် မလေးစားနိုင်တာလဲ၊ ရှင်းရှင်းလေးပါပဲ။ မလုပ်သင့်တာလုပ်လို့ပေါ့။ ဒါကို သိဖို့လိုပါတယ်။

ကိုယ့်ကိုယ်ကိုယ် လေးစားမှုမရှိတဲ့သူ၊ သူများကလည်း ကိုယ့်ကို မလေးစားဘူးလို့ ခံစားနေရတဲ့သူဟာ အဲဒါကို ခံရခက်လို့ ကိုယ့်ကို သူများကြောက်အောင် ဒေါသတကြီးနဲ့ပြောဆိုဆက်ဆံတတ်ကြပါတယ်။ ကြောက်တာဟာ လေးစားမှု အစစ်အမှန်မဟုတ်ပါ။ ကိုယ်ကိုယ်တိုင်က မကောင်းတော့ ကောင်းတဲ့သူကိုမြင်တဲ့အခါမှာ သူမကောင်းတာ ပိုပြီးထင်ရှားလာလို့ အဲဒီကောင်းတဲ့သူကို မကျေမနပ်ဖြစ်တတ်ပါတယ်။ ပစ္စည်းဥစ္စာတွေ ပြည့်စုံပါရဲ့ ကောင်းတဲ့သူမဟုတ်မှတော့ လူဆိုတဲ့နာမည်ပဲ ရှိမယ်၊ တန်ဖိုးမရှိပါ။ ဒါကို သိဖို့လိုပါတယ်။

လူ့လောကမှာ အယူဝါဒအမျိုးမျိုးကို နားလည်ပေးပြီး လူတိုင်းရဲ့လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုကို လေးစားစွာနဲ့ အတူတကွ ယှဉ်တွဲနေထိုင်ခြင်းဟာ လူ့ယဉ်ကျေးမှုဖြစ်လို့ ဒီမိုကရေစီရဲ့ အနှစ်သာရလည်းဖြစ်ပါတယ်။ တောင်တက်လမ်းတိုင်း လမ်းကြောင်းအသွယ်သွယ် ရှိပါတယ်။ လမ်းသွယ်များတာ အကြောင်းမဟုတ်ပါ။ တောင်ထိပ်ဖျားသို့ ရောက်အောင်တက်ဖို့သာ အရေးကြီးပါတယ်။ တောင်ထိပ်ဖျားဆိုတာကလည်း တစ်ခုပဲရှိပါတယ်။ ဒီလိုပါပဲ။ အယူဝါဒမျိုးစုံဟာ အမှန်တရားဆိုတဲ့ တောင်ထိပ်ဖျားကို ရောက်အောင်တက်တဲ့ လမ်းသွယ်တွေပါပဲ။ တောင်တက်ဖော်များအဖြစ် သဘောထားနိုင်ဖို့သာ လိုပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြချင်တာကတော့ စနစ်ပြောင်း ခေတ်ပြောင်းခြင်းရဲ့ နိဒါန်းအစ အောင်မြင်ဖို့ဆိုရင် နောက်တစ်နေ့ အခွင့်အလမ်းအတွက် ဘာလုပ်မလဲဆိုတာကို စဉ်းစားပြီး အဖြေထုတ်တတ်ရပါမယ်။ မိမိရဲ့ ဂုဏ်သိက္ခာနဲ့ တာဝန်တွေဟာ အခက်အခဲများနဲ့ ကြုံတွေ့ချိန်မှာ အဓိကတွန်းအားများ ဖြစ်နေရပါမယ်။ ဒ့ါအပြင် ယုံကြည်မှု လျော့စေမယ့် အရာမှန်သမျှ တွန်းတွန်းတိုက်တိုက်ဖယ်ရှားနိုင်ရပါမယ်။ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေကို အချိန်တိုအတွင်း မှန်ကန်စွာချမှတ်နိုင်ပြီး ဘာလုပ်သင့်တယ်ဆိုတာကို သိလို့ သိတဲ့အတိုင်းဖြစ်အောင် ဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ရဲ့ဘေး ဝဲ၊ ယာနဲ့ နောက်ဘက်တွေမှာ ကျွန်တော်တို့နဲ့အတူ လျှောက်လှမ်းကြမယ့် ပြည်သူပေါင်းများစွာရှိပါကြောင်း စေတနာကောင်းနဲ့ တင်ပြလိုက်ရပါတယ်။ ။

*"လောကကြီးကလှပြီးသားပါ၊ လူတွေသာ ကောင်းစေချင်ပါတယ်။"*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာရစ်ချက် တေလာဆွန်တို့ မနီလာမြို့၌ တွေ့ဆုံစဉ်။




နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-ကနေဒါ ထိပ်သီးအစည်းအဝေးသို့
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။



နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အီးယူ ထိပ်သီးအစည်းအဝေးသို့
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။



(၁၂)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။

☆ **ရွှေဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာရစ်ချက် တေလာဆွန်အား ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် မနီလာမြို့ Philippines International Convention Centre (PICC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ စီးပွားရေး၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ရခိုင်ပြည်နယ်၌ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနီလာမြို့ Philippines International Convention Centre (PICC)၌ ကျင်းပသည့် အကြိမ်(၂၀) မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေး၊ နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-ကနေဒါ ထိပ်သီးအစည်းအဝေးနှင့် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အီးယူ ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးက တည်ခင်းဧည့်ခံသော နေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၁၂)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

ညပိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ASEAN သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနား၊ (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲအခမ်းအနားနှင့် စင်ကာပူနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌရာထူးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာဆီယံခေါင်းဆောင်များသည် အလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ASEAN သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲအခမ်းအနားနှင့် အာဆီယံ ဥက္ကဋ္ဌရာထူးလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားများကို ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံမှ အနုပညာရှင်များက တေးဂီတများဖြင့်ဖျော်ဖြေကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးက **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐




(၁၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးသို့
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာဆီယံခေါင်းဆောင်များ အလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့်
မြှင့်တင်ရေးဆိုင်ရာ ASEAN သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် တွေ့ဆုံ



**မနီလာ (ဖိလစ်ပိုင်) နိုဝင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် Philippines International Convention Centre (PICC)ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေး၊ ရန်ကုန်-မန္တလေး ရထားလမ်းဖောက်လုပ်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဝင်ငွေတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားချေးငွေပေးရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်မှု ကူညီထောက်ပံ့ပေးရေးအတွက် ဂျပန်ယန်းငွေ ၁ ဒသမ ၂ ဘီလီယံ အကူအညီပေးရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆောင်ရွက်ချက်များကို ထောက်ခံအကူအညီပေးသွားမည့်ကိစ္စ၊ ကားလမ်းဖောက်လုပ်ရန်နှင့် လျှပ်စစ်ပစ္စည်းများထုတ်လုပ်ရန်အတွက် ဂျပန်ယန်းငွေ ၁ ဒသမ ၅ ဘီလီယံ ထောက်ပံ့ပေးရေးကိစ္စ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား သင်တန်းပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



အာဆီယံ+၃ ခေါင်းဆောင်များနှင့် အရှေ့အာရှ စီးပွားရေးကောင်စီ မျက်နှာစုံညီတွေ့ဆုံပွဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။



(၉)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။



(၉)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres တို့ မနီလာမြို့၌ တွေ့ဆုံစဉ်။

❒ စာမျက်နှာ ၈ မှ

နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၈ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်မည့် စင်ကာပူ သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းထံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်နှင့် အဆောင်အယောင်တူငယ်ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးပွဲများ ပိတ်ပွဲအခမ်းအနားနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်ပွဲတို့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာ ၁၃ ရက် ညပိုင်းတွင် မနီလာမြို့ Philippines International Convention Centre (PICC)၌ ကျင်းပသည့် အာဆီယံ+၃ ခေါင်းဆောင်များနှင့် အရှေ့အာရှစီးပွားရေးကောင်စီမျက်နှာစုံညီတွေ့ဆုံပွဲ၊ (၉)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres အား နိုဝင်ဘာ ၁၃ ရက် ညပိုင်းတွင် မနီလာမြို့ Philippines International Convention Centre (PICC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်အပေါ် ကုလသမဂ္ဂအနေဖြင့် ပါဝင်အကူအညီပေးနိုင်မှု အခြေအနေတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

# ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးရိတ်သိမ်းနေမှု၊ ကျောက်ပန္ဍုကျေးရွာနေအိမ်များ တည်ဆောက်နေမှုနှင့် မေယုတောင်ကျော်လမ်း ဖောက်လုပ်မှုတို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကြည့်ရှု





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ မြင်းလွတ်မြို့နယ်ခွဲ မောင်တော-အငူမော် လမ်းနံဘေး၌ စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း(UEHRD)၏ လုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မီဒီယာအဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တော-အငူမော်လမ်းတစ်လျှောက်ရှိ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးရိတ်သိမ်းနေမှု၊ ကျောက်ပန္ဍုကျေးရွာနေအိမ်များ တည်ဆောက်နေမှုနှင့် မေယုတောင်ကျော်လမ်း ဖောက်လုပ်မှုတို့ကို ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြင်းလွတ်မြို့နယ်ခွဲ မောင်တော-အငူမော် လမ်းနံဘေး၌ ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရင့်မှည့်စပါးခင်းများကို စနစ်တကျရိတ်သိမ်းပေးနေမှုအား ကြည့်ရှုသည်။

ယင်းနောက် ကျောက်ပန္ဍုကျေးရွာသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ကျေးရွာအား နယ်စပ်ရေးရာဝန်ကြီးဌာနက ၁၉၉၃ ခုနှစ်တွင် ဒေသခံတိုင်းရင်းသားများအတွက် တန်ဖိုးနည်းအိမ်ရာအဖြစ် နေအိမ်အလုံး ၇၀ တည်ဆောက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၅၀ ဖြင့် နေအိမ်အလုံး ၁၀၀ ကို ထပ်မံတည်ဆောက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းအနေဖြင့် ပန္နက်ရိုက်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီး၍ အမိုးအကာတပ်ဆင်ပြီးသည့် နေအိမ် ၂၃ လုံးရှိကာ ကျန်ရှိသည့်နေအိမ်များ ဆက်လက်တည်ဆောက်ရန် လိုအပ်သည့် ပစ္စည်းများကို စုဆောင်းထားပါကြောင်း၊ ကျေးရွာ၌ ရေဂါလန် ၁၂၀၀ ဆံ့ ကန် ငါးကန်၊ ကျေးလက်ကျန်းမာရေးဌာန၊ အားကစားကွင်း၊ ဈေး၊ ရဲကင်းစခန်းနှင့် Mini Grid Solar System စက်ရုံတို့ပါဝင်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၇) က တာဝန်ယူ စတင်ဖောက်လုပ်လျက်ရှိသည့် ကျောက်ပန္ဍု-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း (မေယုတောင်ကျော်လမ်း) စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် လမ်းဖောက်နေမှုကို ကြည့်ရှုသည်။

လမ်းဦးစီးဌာနအနေဖြင့် မေယုတောင်ကျော်လမ်းကြောင်း လေးခု ဖောက်လုပ်လျက်ရှိရာ ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း ရှစ်မိုင်နှင့် ကျောက်ပန္ဍု-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း ၁၄ မိုင်တို့ကို အရေးပေါ်ရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ် မတ်လတွင် အမာခံကျောက်ချောလမ်းအဖြစ် ဖောက်လုပ်သွားမည်ဖြစ်ပြီး သက်ပိုင်ညာ-ပဒါးလမ်း၊ ဥဒေါင်း-ညောင်ချောင်းလမ်းတို့အား လာမည့်ဘဏ္ဍာနှစ်တွင် ဆက်လက်ဖောက်လုပ်သွားရန် လျာထားသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည့် ရသေ့တောင်မြို့နယ် ကိုးတန်ကောက် နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းကို သွားရောက်ကြည့်ရှုပြီး အငူမော်မှတစ်ဆင့် အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ကျောက်ပန္ဍု- အင်းဒင်-စေတီပြင်တောင်ကျော်လမ်း (မေယုတောင်ကျော်လမ်း) ဖောက်လုပ်နေမှုကို ကြည့်ရှုစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မီဒီယာအဖွဲ့သည် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်သတင်း

## UEHRD ၏ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ် ညှိနှိုင်းစည်းဝေး



**နေပြည်တော် နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၏ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး UEHRD ၏စီမံချက်တွင် ပါဝင်ရေးဆွဲထားသည့် လူသားချင်းစာနာထောက်ပံ့မှု အကူအညီများပေးခြင်းနှင့် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် အသေးစိတ်အစီအစဉ်များနှင့် UEHRD တွင် ပါဝင်နိုင်မည့် အခြေအနေများကို ကဏ္ဍအလိုက် ထည့်သွင်းရေးဆွဲခြင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့အတွက် လူငယ့် ရက် ၂၀ စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့ ဘူးသီးတောင်မြို့သို့ ရောက်ရှိ

**ဘူးသီးတောင် နိုဝင်ဘာ ၁၄**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီပေးရေး ပြည်သူ့အတွက် လူငယ့် ရက် ၂၀ စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက်က ဘူးသီးတောင်မြို့နယ် စံညွှင်းဝေ (ရခိုင်)၊ စံညွှင်းဝေ (ခမီး)၊ ခမီးချောင်း၊ ကမ်းပိုက်ချောင်း၊ ဝါးခုတ်ချောင်း၊ အင်ကြင်းမြိုင် ကျေးရွာတို့သို့ သွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ အိမ်ထောင်စုစာရင်းရှိ မိသားစုဦးရေ၊ အလုပ်အကိုင်၊ ဝင်ငွေနှင့် ကျန်းမာရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ စာရင်းကောက်ခံခဲ့ကြောင်း သိရသည်။

ထို့နောက် ယနေ့နံနက် ၁၀ နာရီတွင် ဘူးသီးတောင်မြို့နယ် ကြက်မောက်တောင်ဈေးသို့ အခြေပြု သွားရောက်ကာ စံညွှင်းဝေ (ရခိုင်)၊ စံညွှင်းဝေ(ခမီး)၊ ခမီးချောင်း၊ ကမ်းပိုက်ချောင်း၊ ဝါးခုတ်ချောင်း၊ အင်ကြင်းမြိုင် ကျေးရွာများရှိ အိမ်ထောင်စု ၂၄၇ စုအတွက် ဆန် ၃၇၃ ဒသမ ၃ အိတ်၊ ပဲ ပြည် ၅၆၀၊ အာလူး ပိဿာ ၁၅၆၀၊ ကြက်သွန် ပိဿာ ၂၈၀၊ ဆီ ပိဿာ ၅၆၀၊ ငါးသေတ္တာ ဘူး ၇၀၀၀၊ ဆား ပိဿာ ၁၄၀၊ နို့မှုန့် ၄၆ ပါကင်တို့အား ပေးအပ်ခဲ့ပြီး ညနေပိုင်းတွင် ဘူးသီးတောင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်မီးမရရှိသေးသည့် ဘူးသီးတောင်မြို့နယ် ကျေးရွာများအား လာမည့်ဘဏ္ဍာနှစ်တွင် ဆိုလာမီးများ တပ်ဆင်ပေးသွားရန် စီစဉ်လျက်ရှိ

**ဘူးသီးတောင် နိုဝင်ဘာ ၁၄**

လျှပ်စစ်မီးမရရှိသေးသည့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများအား လာမည့်ဘဏ္ဍာနှစ်တွင် ဆိုလာမီးများ တပ်ဆင်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



"လာမယ့်နှစ်မှာ ပြည်နယ်ဘတ်ဂျက်ကနေ လျှပ်စစ်မီးမရရှိသေးတဲ့ နောက်ထပ် ရွာနှစ်ဆယ်ကို ဆိုလာမီး ထပ်ပြီးတပ်ဆင်ပေးသွားဖို့ တင်ပြထားပါတယ်၊ ယူနစ်ကတော့ ၁၀၁၂ ယူနစ်ဖြစ်ပါတယ်၊ လျှပ်စစ်မီး မရရှိသေးတဲ့ ကျေးရွာတွေမှာ ဆိုလာမီး တပ်ဆင်ပေးတဲ့နေရာမှာ ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစားဆိုပြီး သုံးမျိုးရှိပါတယ်၊ ရွာသားတွေဘက်က ကျခံပေးရတာက ကျသင့်ငွေရဲ့ ဆယ်ရာခိုင်နှုန်းပဲ ကျခံပေးရတာပါ၊ လမ်းမီးတိုင်ကတော့ ရွာတစ်ရွာကို ငါးတိုင်အခမဲ့ တပ်ဆင်ပေးတယ်၊ ကျေးရွာတွေမှာရှိတဲ့ ဘုန်းကြီးကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတွေကိုလည်း ဌာနက အခမဲ့တပ်ဆင်ပေးပါတယ်"ဟု ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းနိုင်က ပြောသည်။

ဆိုလာမီးတပ်ဆင်ထားသည့် ဘူးသီးတောင်မြို့နယ် အင်ကျင်းမြိုင်စံပြကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းက "အရင်တုန်းက လျှပ်စစ်မီး မရှိတော့ ကျောင်းသား ကျောင်းသူတွေ ဖယောင်းတိုင်နဲ့ စာကျက်ရပါတယ်၊ ဆိုလာမီးတွေ တပ်ထားပေးတော့ မီးက ၂၄ နာရီ ရနေပြီ၊ ကျောင်းသားတွေလည်း စာကျက်ရတာ အဆင်ပြေသွားပြီ၊ လမ်းမီးတိုင်ကတော့ ငါးတိုင် လုပ်ပေးထားပါတယ်"ဟု ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လျှပ်စစ်မီးမရရှိသေးသည့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၁ ရွာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆိုလာမီးယူနစ် ၁၇၆၈ ယူနစ်ကို တပ်ဆင်ပေးခဲ့ကြောင်း ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သတင်းအဖွဲ့**

**ဓာတ်ပုံ-ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

## စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ စုစုပေါင်း ၁၇၂၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တေး၊ ကံ့ကော်ကျွန်း၊ မင်းဂံကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ စုစုပေါင်း ၁၂၁ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ၇၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်သိုက်ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ၃၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ၂၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ၄၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ဧက ၇၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွား သုံးကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွား နှစ်ကောင်၊ ဆိတ်သုံးကောင်၊ ငါးခူရပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွား သုံးကောင်၊ ဆိတ်သုံးကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား ရှစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ် ကိုးကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၇၈ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၃၂ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်သည်။

မောင်တောမြို့နယ်ရှိ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့က စခန်းပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ကင်းချောင်း(တိုင်းရင်းသား)ကျေးရွာ၊ ကန်ပြင်သာစည်(တိုင်းရင်းသား)ကျေးရွာ၊ အောင်မင်္ဂလာ(တိုင်းရင်းသား)ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ မတွေ့ရှိကြောင်းနှင့် စခန်းအနီးပတ်ဝန်းကျင်ကျေးရွာများတွင် တွေ့ရှိသော ပိုင်ရှင်ရှိ နွား၊ ဆိတ်များအား ဆေးကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ



# ရခိုင်ပြည်နယ်သတင်း

## မောင်တောမြို့နယ်အတွင်း ပိုင်ရှင်မဲ့ ကျွဲ၊ နွား၊ ဆိတ်များ ထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် မောင်တောမြို့နယ် နေရပ်စွန့်ခွာရသူများ၏ ကျွဲ၊ နွား၊ ဆိတ်များအား ဖမ်းဆီးထိန်းသိမ်းနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရတို့တွင် စခန်းသုံးခု တည်ဆောက်ဖွင့်လှစ်ကာ အဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ပိုင်ရှင်မဲ့ ကျွဲ၊ နွားများကို စနစ်တကျ ထိန်းသိမ်းရန်၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်တို့အတွက် လုပ်ငန်းကော်မတီနှင့် မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး စခန်းတည်ရှိသည့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ပန်းတောပြင်ကျေးရွာ(မွတ်စလင်)၊ ကြိမ်ချောင်းကျေးရွာ(ရောနှော)၊ ငါးခူရကျေးရွာ(ရောနှော)၊ မောရဝတီကျေးရွာ(တိုင်းရင်းသား)၊ ရွှေဇားကျေးရွာ(ရောနှော)၊ သုံးမိုင်ကျေးရွာ(တိုင်းရင်းသား)၊ မြို့သစ်ကျေးရွာ(တိုင်းရင်းသား)၊ ကပ္ပကောင်းကျေးရွာ(တိုင်းရင်းသား)၊ ကန်သာယာကျေးရွာ(တိုင်းရင်းသား)၊ ရွာသာယာကျေးရွာ(တိုင်းရင်းသား)၊ ခြံပြင်ကျေးရွာ(တိုင်းရင်းသား)၊ မကျည်းကုန်းကျေးရွာ (တိုင်းရင်းသား)၊ သာယာကုန်းကျေးရွာ (တိုင်းရင်းသား)၊ အင်းဒင်ကျေးရွာ (တိုင်းရင်းသား)၊ ကျောက်တန်းကျေးရွာ (တိုင်းရင်းသား)၊ ဥခေါင်းကျေးရွာ၊ သရေကုန်ဘောင်ကျေးရွာ (တိုင်းရင်းသား)၊ ဗောဓိကုန်းကျေးရွာ (တိုင်းရင်းသား)များသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တွေ့ရှိရသော နွားနှင့်ဆိတ်များမှာ ပိုင်ရှင်မဲ့များ မဟုတ်ဘဲ ပိုင်ရှင်ရှိ နွားများနှင့် ဆိတ်များ ဖြစ်သည်။

မောင်တောမြို့နယ်ရှိပိုင်ရှင်မဲ့ကျွဲ/နွားများ၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့်ပတ်သက်၍
၁၄-၁၁-၂၀၁၇ အထိ ဆောင်ရွက်ထားရှိမှုအခြေအနေ

| စဉ် | ရက်စွဲ | မြို့နယ် | ကျေးရွာ | ကောင်ရေ | | စုစုပေါင်း ကောင်ရေ | |
|---|---|---|---|---|---|---|---|
| | | | | နွား | ဆိတ် | နွား | ဆိတ် |
| ၁။ | ၁၀-၁၁-၂၀၁၇ | မောင်တောမြို့နယ် | ငွေတောင်(တိုင်းရင်းသား) | - | ၁ | ၁ | ၄ |
| | | | ကြိမ်ချောင်း(ရောနှော) | - | ၁ | | |
| | | | မြို့သစ်(တိုင်းရင်းသား) | ၁ | ၂ | | |
| ၂။ | ၁၁-၁၁-၂၀၁၇ | | ကိုင်းကြီး(တိုင်းရင်းသား) | ၁ | ၂ | ၃ | ၃ |
| | | | မင်္ဂလာညွန့်(တိုင်းရင်းသား) | - | ၁ | | |
| | | | ရေမျက်တောင်(တိုင်းရင်းသား) | ၂ | - | | |
| ၃။ | ၁၂-၁၁-၂၀၁၇ | | ကင်းချောင်း(တိုင်းရင်းသား) | - | ၁ | ၂ | ၄ |
| | | | သက်ကိုင်ညာ(တိုင်းရင်းသား) | ၁ | ၂ | | |
| | | | ရွက်ညိုတောင်(တိုင်းရင်းသား) | ၁ | ၁ | | |
| ၄။ | ၁၃-၁၁-၂၀၁၇ | | ကန့်ပြင်သာစည်(တိုင်းရင်းသား) | ၂ | - | ၄ | ၂ |
| | | | မင်းမခေါင်း(တိုင်းရင်းသား) | - | ၁ | | |
| | | | ကပ္ပကောင်း(တိုင်းရင်းသား) | ၂ | ၁ | | |
| ၅။ | ၁၄-၁၁-၂-၁၇ | | သာစည်(တိုင်းရင်းသား) | ၁ | ၂ | ၂ | ၃ |
| | | | အောင်သပြေ(တိုင်းရင်းသား) | ၁ | - | | |
| | | | အောင်မင်္ဂလာ(တိုင်းရင်းသား) | - | ၁ | | |
| | စုစုပေါင်း | | | ၁၂ | ၁၆ | ၁၂ | ၁၆ |
| | (၂၃-၁၀-၂၀၁၇) မှ (၉-၁၁-၂၀၁၇)အထိစုစုပေါင်း | | | | | ၂၆၆ | ၆၁၆ |
| | (၂၃-၁၀-၂၀၁၇)မှ (၁၄-၁၁-၂၀၁၇)အထိစုစုပေါင်း | | | | | ၂၇၈ | ၆၃၂ |

Source: ရခိုင်ပြည်နယ်အစိုးရအဖွဲ့

အဆိုပါ နွား၊ ဆိတ်များအား ကာကွယ်ကုသခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ စုစုပေါင်းနွား ၂၇၈ နှင့် ဆိတ် ၆၃၂ ကောင်တို့အား ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

မွေးမြူရေး ပညာပေးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက်တွင် ပန်းတောပြင်ကျေးရွာရှိ ပိုင်ရှင်မဲ့ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၌ ပြုလုပ်ခဲ့ရာ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ပြီး ပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဖွဲ့သည် အောက်တိုဘာ ၂ ရက်တွင် ပန်းတောပြင်ကျေးရွာနှင့် ခုံတိုင်ကျေးရွာတို့ရှိ ပိုင်ရှင်မဲ့ တိရစ္ဆာန်ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းများသို့ ရောက်ရှိပြီး မွေးမြူသူ တောင်သူများနှင့် တွေ့ဆုံ၍ ဌာနမှဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်များ၊ မျိုးမြှင့်သားစပ်ခြင်းဆိုင်ရာများ၊ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများနှင့် လိုအပ်ချက်များအား ညှိနှိုင်းဆွေးနွေးခဲ့သည်။

ပိုင်ရှင်မဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဖမ်းဆီးထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်ကို အဖွဲ့များခွဲ၍ ဆက်လက်ကွင်းဆင်း ဆောင်ရွက်လျက်ရှိပြီး ပိုင်ရှင်မဲ့ ကျွဲ၊ နွားများကို ထိန်းသိမ်းရေး စခန်းများတွင် ထိန်းသိမ်းထားမည်ဖြစ်ပြီး ကျွဲ၊ နွားများကို ပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်။

**သတင်းစဉ်**

မသင်္ကာသူ ၂၀ ဦး ဖမ်းဆီးရမိသည့် နေရာပြမြေပုံ




## မောင်တောမြို့နယ်၌ မသင်္ကာသူ ၂၀ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ဂေါ်ဒူသာရ အနောက်ရွာနှင့် ဂေါ်ဒူသာရ ချောင်းဝကြားအနီးရှိ ပုစွန်ကန်များတွင် အကြမ်းဖက်သမားများ၊ တရားခံပြေးများ ခိုအောင်းနေကြောင်း သတင်းအရ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ မသင်္ကာသူ ဒုညောင်ပင်ကြီးကျေးရွာနေ မာမတ်ဟာရုံ၊ ပန်းတောပြင်အရှေ့ရွာနေ အိမန်ဘူဆိမ်း၊ မြို့သူကြီးရွာနေ မာမတ်ကော်ဘီ၊ ပန်းတောပြင် အရှေ့ရွာနေ မော်ဖူအာလောင်၊ ဇင်ပိုင်ညာကျေးရွာနေ မာမောက်အီနု၊ ဒုညောင်ပင်ကြီးကျေးရွာနေ အီစွမိုင်၊ ဒုညောင်ပင်ကြီးကျေးရွာနေ မာမောက်ယာဆိမ်း၊ ဒုညောင်ပင်ကြီးအလယ်ရွာနေ နူရ်ဟာရှိန်း၊ ခေါင်းတကာကျေးရွာနေ အာနီဆူဟက်ရ်၊ ဒုညောင်ပင်ကြီးအရှေ့ရွာနေ မာမက်နူရ်၊ ရေဖုံးပြင်ကျေးရွာနေ မာမတ်ဇူဘိုင်၊ နိုရူလ္လာကျေးရွာနေ မာမတ်နူရ်မာ၊ ပန်းတောပြင်ရွာသစ်နေ နူရ်ကာမာ၊ သရေကုန်တန်းအလယ်ရွာနေ ရော်ရှီးဒူလ္လာ၊ ရာသစ်ကေရွာနေ အဒူရာမာန်၊ ဘူးသီးတောင်မြို့နယ်နေ အဒူမာနာမ်၊ ရာသစ်ကေရွာနေ အေကရာန်၊ ဂေါ်ဒူသာရအနောက်ရွာနေ မာမတ်တော်ယု၊ ဒုချီရားတန်းအရှေ့ရွာနေ မာမတ်အဏ္ဏဝါ စုစုပေါင်း ၂၀ အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သက်မဲ့ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မောင်တောမြို့နယ် မောရဝတီကျေးရွာနေ ဒေါ်ဦးဝင်း (၄၆)နှစ်သည် နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် ချိန်ခါလီအနောက်ရွာ လယ်ကွင်းအတွင်း စပါးရိတ်သိမ်းစဉ် လက်လုပ်မိုင်းဟု ယူဆရသည့် ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ် တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ထံ သတင်းပို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အချင်း ငါးလက်မ၊ အရှည် ၁၀ လက်မရှိ ကားပစ်စတင်ဖြင့် ပြုလုပ်ထားသော သက်မဲ့လက်လုပ်မိုင်းတစ်လုံးဖြစ်ပြီး အကြမ်းဖက်သမားများ ထွက်ပြေးတိမ်းရှောင်စဉ် စွန့်ပစ်ခဲ့သော မိုင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာအနီး ARSA အစွန်းရောက် အကြမ်းဖက်သမားများ ပြုလုပ်ထားသည့် လိုဏ်ဂူတစ်ခု ထပ်မံတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္နူနှင့် သင်္ဘောကွေ့ကျေးရွာများအနီး၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ ပြုလုပ်ထားသော လိုဏ်ဂူ သုံးခုအား နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။

အလားတူ ယမန်နေ့ကလည်း မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်စဉ် ကျောက်ပန္နူကျေးရွာ၏တောင်ဘက် မီတာ ၃၀၀ ခန့်အကွာ၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ ပြုလုပ်ထားသည့် အလျား သုံးပေခွဲ၊ အနံ နှစ်ပေရှိ သစ်သားပေါင်များဖြင့် ပြုလုပ်ထားသော မြေအောက်ကျင်း တံခါးအား တွေ့ရှိသဖြင့် ဝင်ရောက်ရှင်းလင်းရာ အလျား ၁၅ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေခွဲရှိ မြေကျင်းအား အမိုးပေါ်တွင် ခြောက်လက်မပတ်လည် သစ်သားမျောတုံးများဖြင့် ကာရံထားသည့် မြေအောက် လူလုပ် လိုဏ်ဂူတစ်ခုကို ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါလိုဏ်ဂူတွေ့ရှိခဲ့သည့် ကျေးရွာအနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံအသေးစိတ် စစ်ဆေးရှာဖွေလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြေသားများ ဖုံးအုပ်ထားသည့် လိုဏ်ဂူတစ်ခု တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**



ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္နူနှင့် စေတီကျေးရွာများအနီး၌ အစွန်းရောက်အကြမ်းဖက်သမားများ ပြုလုပ်ထားသည်ဟု ယူဆရသည့် လူလုပ်လိုဏ်ဂူတစ်ခုကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သည်။

မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်စဉ် ကျောက်ပန္နူကျေးရွာအနီး သက်တမ်းတစ်နှစ်ခန့်ရှိ အလျား သုံးပေခွဲ၊ အနံ နှစ်ပေရှိ သစ်သားပေါင်များဖြင့် ပြုလုပ်ထားသော မြေအောက်ကျင်း တံခါးအားတွေ့ရှိသဖြင့် ဝင်ရောက်ရှင်းလင်းရာ အလျား ၁၅ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေခွဲရှိ လိုဏ်ဂူအား အမိုးပေါ်တွင် ခြောက်လက်မပတ်လည် သစ်သားမျောတုံးများဖြင့် ကာရံထားသည့် မြေအောက် လူလုပ်လိုဏ်ဂူတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ လိုဏ်ဂူတွေ့ရှိခဲ့သည့် ကျေးရွာအနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံအသေးစိတ် စစ်ဆေး ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် ယာဉ်ပစ္စည်းများ သယ်ဆောင်လာမှုများအား မရမ်းချောင် စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင် ကုန်စည်များ သယ်ဆောင်လာမှုကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက နိုဝင်ဘာ ၁၃ ရက်တွင် သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်သို့ သွားရောက်မည့် Nissan ၂၂ ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (12W) UD Head Without Engine Without Frame(2)U၊ (12W) Hino Head Without Engine Without Frame(1)U၊ Car Axie with Crown (3) U၊ Car Front Axie (3) U နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၂၅၀ သန်းအား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၇၃၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၇၅၈ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ နိုဝင်ဘာ ၁၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆၈ စီး၊ သွင်းကုန် ၈၅၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **ဝဝ၁**

# ဥရောပတိုက် လုံခြုံရေး ပေါင်းစည်းဆောင်ရွက်နိုင်ရန် ကာကွယ်ရေး သဘောတူညီချက် အီးယူနိုင်ငံများ လက်မှတ်ရေးထိုး

**ဘရပ်ဆဲလ် နိုဝင်ဘာ ၁၄**

ဥရောပတိုက်လုံခြုံရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးလုပ်ငန်းများကို ပေါင်းစည်း ဆောင်ရွက်ကြမည်ဟူသော နှစ်ပေါင်း ရှည်ကြာ မျှော်လင့်တောင့်တချက် အကောင်အထည်ပေါ်လာမှုအဖြစ် ပြင်သစ်နှင့် ဂျာမနီ နိုင်ငံတို့သည် ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင် အခြားနိုင်ငံ ၂၁ နိုင်ငံတို့နှင့်အတူ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဥရောပတိုက်၏ ကာကွယ်ရေး ပေါင်းစည်းမှု ခေတ်သစ် တစ်ရပ်ကို အစပြုရန် ရည်ရွယ်လျက် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ နိုဝင်ဘာ ၁၃ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။



**တက်ရောက်**

ဘရပ်ဆဲလ်မြို့၌ ပြုလုပ်သော လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အီးယူအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ ယခုကဲ့သို့ ဝန်ကြီးအဆင့် လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် ဒီဇင်ဘာလတွင် အီးယူခေါင်းဆောင်များ၏ ထိပ်သီးညီလာခံ ကျင်းပချိန်တွင် နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများက ထပ်ဆင့်လက်မှတ်ရေးထိုးရန် လမ်းပွင့်သွားပြီဖြစ်သည်။

ကာကွယ်ရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းများ ပူးတွဲအကောင်အထည်ဖော်ရေး၊ ကာကွယ်ရေး အသုံးစရိတ်များအတွက် ရန်ပုံငွေများ ထည့်ဝင်ရေး၊ စုပေါင်းလုံခြုံရေး အစီအစဉ်အရ လျှပ်တစ်ပြက်တုံ့ပြန်တိုက်ခိုက်ရေး တပ်ဖွဲ့များ ဖြန့်ကြက်ရေး စသည်တို့နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ကြရန် အဆိုပါသဘောတူညီချက်တွင် ဖော်ပြထားသည်။

ယနေ့သည် မိမိတို့ ဥရောပနိုင်ငံများ၏ ကာကွယ်ရေးလုပ်ငန်းအတွက် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်သည့် နေ့ရက်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် အနာဂတ်ကာလတစ်လျှောက်လုံး ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်သွားနိုင်မည့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ပြီဖြစ်ကြောင်း၊ မိမိတို့ရရှိသော သဘောတူညီချက်သည် ဥရောပဖွံ့ဖြိုးရေးအတွက် သမိုင်းတွင်ရစ်မည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာဂါဘရီယယ်က သတင်းထောက်များအား ပြောကြားသည်။

အီးယူ ကာကွယ်ရေးသဘောတူညီချက်တွင် ဗြိတိန်၊ ဒိန်းမတ်၊ အိုင်ယာလန်၊ ပေါ်တူဂီနှင့် မော်လ်တာတို့မှအပ ကျန်အဖွဲ့ဝင်နိုင်ငံများ ပါဝင်လက်မှတ်ရေးထိုးကြသည်။ အစဉ်အလာအရ ကြားနေနိုင်ငံအဖြစ် ရပ်တည်သော ဩစတြီးယား နိုင်ငံမှာလည်း သဘောတူညီချက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လာသည်။

**ရိုက်တာ**

# အိန္ဒိယတွင် ရေယာဉ်နစ်မြုပ်မှု ဖြစ်စဉ်၌ သေဆုံးသူ ၂၂ ဦးအထိ တိုးလာ

**နယူးဒေလီ နိုဝင်ဘာ ၁၄**

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ နိုဝင်ဘာ ၁၂ ရက်က ဖြစ်ပွားခဲ့သည့် ရေယာဉ်နစ်မြုပ်မှုတွင် သေဆုံးသူဦးရေမှာ ၂၂ ဦးအထိ မြင့်တက်လာကြောင်း တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၄ ရက်တွင် ပြောသည်။

ရေယာဉ်နစ်မြုပ်မှုတွင် သေဆုံးသူ သုံးဦး၏ ရုပ်အလောင်းများကိုလွန်ခဲ့သည့် ၂၄ နာရီအတွင်း ရှာဖွေတွေ့ရှိရကြောင်း၊ လတ်တလောတွင် သေဆုံးသူ ဦးရေမှာ ၂၂ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူ ၁၆ ဦးအား ဆေးရုံတွင် ဆေးကုသပေးလျက်ရှိကြောင်း ရဲအရာရှိကြီးတစ်ဦးက ပြောသည်။

အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြို့တော်ဟိုက်ဒရာဘတ်မှ ၂၇၅ ကီလိုမီတာ အကွာရှိ ဝိဂျေဝါဒါ ခရိုင်ရှိ မြစ်အတွင်း ခရီးသည်များ အဆမတန်တင်ထားသော ယင်းရေယာဉ်သည် နိုဝင်ဘာ ၁၂ရက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်ပေါ်တွင် ခရီးသည် ၃၈ဦးပါရှိပြီး ရေယာဉ်နစ်မြုပ်စဉ် သေဆုံးရသူ ၁၆ ဦး၏ ရုပ်အလောင်းများကို ရေပြင်အတွင်းမှ ယင်းနေ့ ညနေပိုင်းတွင် ဆယ်ယူရရှိခဲ့သည်။ အခြားသုံးဦး၏ ရုပ်အလောင်းများကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရှာဖွေ တွေ့ရှိရသည်။

နစ်မြုပ်သွားသော ရေယာဉ်၏ ပိုင်ရှင်မှာ ပုဂ္ဂလိကခရီးသွားလုပ်ငန်းတစ်ခုဖြစ်ပြီး ကနဦးစုံစမ်းစစ်ဆေးမှုအရ ယင်းရေယာဉ်သည် မြစ်အတွင်း သွားလာရန် လိုအပ်သည့် ခွင့်ပြုချက်လိုင်စင်မရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗင်နီဇွဲလားပြဿနာနှင့် ပတ်သက်၍ ဆွေးနွေးပွဲကျင်းပခြင်းကို ရုရှား၊ တရုတ်၊ အီဂျစ်နှင့် ဘိုလီးဗီးယားတို့ သပိတ်မှောက်

**ကုလသမဂ္ဂ နိုဝင်ဘာ ၁၄**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဗင်နီဇွဲလားပြဿနာနှင့် ပတ်သက်၍ အများပြည်သူဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲ ကျင်းပခြင်းကို ရုရှား၊ တရုတ်၊ အီဂျစ်နှင့် ဘိုလီးဗီးယားနိုင်ငံတို့က သပိတ်မှောက်ကြောင်း၊ အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီသည် ဗင်နီဇွဲလားပြဿနာတွင်ပါဝင်ပတ်သက်ခြင်း မရှိသင့်ဟု သပိတ်မှောက်သည့်နိုင်ငံများက ပြောကြားကြကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေးတွင် မိမိတို့ ဝင်ရောက်စွက်ဖက်မှု မရှိသင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗက်ဆယ်လီနီဘန်ဇီယာက သတင်းထောက်များအားပြောကြားသည်။ ဗင်နီဇွဲလား ပြည်သူများသည် ၎င်းတို့ တွေ့ကြုံနေရသော နိုင်ငံရေးပြဿနာကို ပြည်ပမှ စွက်ဖက်မှု မရှိဘဲ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် စီးပွားရေးပြဿနာများကို ဆိုးဆိုးရွားရွား ရင်ဆိုင်နေရပြီး သမ္မတ နီကိုလပ်စ်မာဒူရို၏ အစိုးရအဖွဲ့က အတိုက်အခံများကို ဖြို့ခွင်းလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ဗင်နီဇွဲလားနိုင်ငံ၌ ဧပြီလမှစ၍ အတိုက်အခံအင်အားစုက ဆန္ဒပြမှုများကို ဆက်တိုက်ပြုလုပ်လာခဲ့ပြီး ဆန္ဒပြပွဲများအတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သဖြင့် လူအများအပြား သေဆုံးခဲ့ကြရသည်။**(ယာပုံ)**

**ကျဆင်း**

ဗင်နီဇွဲလားနိုင်ငံ၌ ရာဂဏန်းအထိ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်နေခြင်း၊ စားနပ်ရိက္ခာနှင့် ဆေးဝါးရှားပါးပြတ်လပ်ခြင်းတို့ကြောင့် သမ္မတ မာဒူရို၏ ရေပန်းစားမှုမှာ ကျဆင်းလာနေရသည်။ **ရိုက်တာ**



# အာဖဂန်တောင်ပိုင်းရှိ စစ်ဆေးရေးဂိတ်စခန်းများကို တာလီဘန်စစ်သွေးကြွများ တိုက်ခိုက်



**ကန်ဒါဟာ နိုဝင်ဘာ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာ ပြည်နယ်၌ နိုဝင်ဘာ ၁၄ ရက်က ရဲတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်စခန်း တစ်ဒါဇင်ကျော်ကို တာလီဘန် လက်နက်ကိုင် စစ်သွေးကြွများက ခြောက်နာရီကျော်မျှ တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၂၂ ဦး သေဆုံးပြီး ၁၅ ဦးထိခိုက်ဒဏ်ရာရကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားကြသည်။ **(ဝဲပုံ)**

ထိုစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း၌ သောင်းကျန်းမှုများ ဖြစ်ပွားနေသည့် နယ်မြေတွင် အာဖဂန်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် အာဖဂန်စစ်ဘက်မှ တပ်သားရှစ်ဦး သေဆုံးရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

အာဖဂန်ရဲတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်စခန်းများကို သိမ်းယူရန် စစ်သွေးကြွများက ညလုံးပေါက် တိုက်ခိုက်ခဲ့ရာတွင် စစ်သွေးကြွ ၄၅ ဦး သေဆုံးပြီး ၃၅ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်စခန်းများမှ တပ်ဖွဲ့ဝင်များသည် စစ်ကူများနှင့် လေကြောင်းပစ်ကူ ရရှိသည်အထိ စစ်သွေးကြွများ၏ တိုက်ခိုက်မှုကို ကြံ့ကြံ့ခံ တွန်းလှန်ခဲ့ကြကြောင်း ကန်ဒါဟာပြည်နယ် ရဲအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဖျက်ဆီး**

အာဖဂန်ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ် ၄၃ ဦး မိမိတို့ တိုက်ခိုက်မှုကြောင့် သေဆုံးပြီး မော်တော်ယာဉ် ၁၇ စီးကို ဖျက်ဆီးခဲ့ကြောင်း တာလီဘန် စစ်သွေးကြွအဖွဲ့က အင်တာနက်ကွန်ရက် မက်ဆင်ဂျာမှတစ်ဆင့် သတင်းထောက်များအား ပြောကြားသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက ၂၀၀၁ ခုနှစ်တွင် တာလီဘန်အစိုးရအား ဖယ်ရှားခဲ့ပြီးနောက် တာလီဘန်တို့က တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်သည် "ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့" (World Diabetes Day)ဖြစ်ပါသည်။ ၁၉၉၁ - ခုနှစ်တွင် နိုင်ငံတကာဆီးချိုဖက်ဒရေးရှင်း (International Diabetes Federation – IDF)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကြီးတို့က ကမ္ဘာကြီးကို ဝန်ထုပ်ဝန်ပိုးဖြစ်စေ၍ ဖြစ်ပွားနှုန်းလျင်မြန်တိုးတက်လာသော ဆီးချိုသွေးချိုရောဂါ ကပ်ဆိုးကြီးကို အချိန်မီကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**၂၀၁၇ ခုနှစ်အတွက် ဆောင်ပုဒ်**

"ကျန်းမာလှပ အနာဂတ်ပိုင်ဆိုင်ဖို့ အမျိုးသမီးများ ဆီးချိုကာကွယ်စို့" "Women and Diabetes; "Our right to a Healthy Future"ဟူ၍ ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

နိုင်ငံတကာဆီးချိုသွေးချိုဖက်ဒရေးရှင်(International Diabetes Federation-IDF) က ဦးဆောင်၍-

(၁) ဆီးချိုသွေးချိုရောဂါသည် အမျိုးသမီးများအားလုံးအတွက် မရှိမဖြစ်လိုအပ်သော ဆေးဝါးများ၊ နည်းပညာများ၊မိမိကိုယ်ကို စောင့်ရှောက်ခြင်း၊ ဆီးချိုသွေးချိုကျန်းမာရေးပညာပေးခြင်း၊ သတင်းအချက်အလက်များ ရယူခြင်း စသည်တို့ကို လက်လှမ်းမီသမျှ တရားမျှတစွာ ရရှိရေး။

(၂) ဆီးချိုသွေးချိုရောဂါအတွက် အကောင်းဆုံး ရလဒ်များ ရရှိရေး။

(၃) အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ကာကွယ်နိုင်ရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရေးဟူသော ရည်ရွယ်ချက်များ ထားရှိပါသည်။

**နောက်ခံသမိုင်း**

ဆီးချိုသွေးချိုကုသရာတွင် အဓိကကျသည့် အင်ဆူလင် (Insulin) ဟော်မုန်းကို ရှာဖွေတွေ့ရှိခဲ့သည့် ဒေါက်တာ ဖရက်ဒရစ်ဘန်တင်း (Dr.Frederick Banting) ၏ မွေးနေ့ဖြစ်သော နိုဝင်ဘာ ၁၄ ရက်ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabetes Day)အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

၁၉၉၁ ခုနှစ်က အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်(International Diabetes Federation – IDF)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ ပူးပေါင်းပြီး နိုဝင်ဘာ ၁၄ ရက်ကို ကမ္ဘာ့ ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ၁၉၉၂ ခုနှစ်မှစတင်ကာ သတ်မှတ်လုပ်ဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်က တစ်ကြိမ်ကျင်းပခဲ့ပြီး ၂၀၀၁မှ စတင်ကာ ယနေ့အထိ နှစ်စဉ်ကျင်းပခဲ့ပါသည်။

**ဆီးချိုသွေးချိုရောဂါလက္ခဏာများ**

အမျိုးအစား(၁) ဆီးချိုသွေးချိုရောဂါ လက္ခဏာများသည် လျင်မြန်စွာ(ရက်သတ္တပတ် အနည်းငယ်အတွင်း) ပြတတ်သည်။ အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါတွင်မူ ရောဂါလက္ခဏာများ တဖြည်းဖြည်းသာပေါ်တတ်၍ နှစ်ပေါင်းများစွာကြာတတ်သည်။ တစ်ခါတစ်ရံ သတိမမူမိလောက်အောင် ရောဂါလက္ခဏာ ထင်ထင်ရှားရှားမပြဘဲရှိတတ်သည်။ များသောအားဖြင့် တခြားရောဂါ - ဥပမာ မျက်စိမှုန်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ခွဲစိတ်မကုသမီ ပဏာမစစ်ဆေးခြင်းစသည်တို့တွင် ဆေးစစ်သောအခါမှ ဆီးချိုသွေးချိုရှိကြောင်း သိကြရသည်က များသည်။

လူတစ်ယောက်မှာ ဆီးချိုသွေးချိုရှိ မရှိဆိုတာ လက္ခဏာတွေသိဖို့ လိုပါသည်။ ပထမဦးဆုံး သွေးချိုပမာဏတက်လာတော့ သွေးကဖြစ်တဲ့ဆီးတွေချိုလာသည်။ ချိုလာတဲ့အချိန်မှာ ခန္ဓာကိုယ်ထဲက ရေတွေကို ကျောက်ကပ်က စုပ်ယူလိုက်၍ ဆီးများလာမည်။ ဆီးခဏခဏ သွားမည်။ ဆီးခဏခဏသွား၍ ရေငတ်လာမည်။ ရေအသောက်များလာမည်။ ရေမလုံလောက်ရင် ရေဓာတ်ခန်းခြောက်တဲ့ လက္ခဏာတွေပေါ်မည်။ သွေးထဲက သကြားဓာတ်ကို ခန္ဓာကိုယ်က မသုံးနိုင်တော့ ဆဲလ်တွေက စွမ်းအင်မရတဲ့အတွက် အလုပ်ကောင်းကောင်း မလုပ်နိုင်တော့ လုပ်ငန်းဆောင်တာတွေ အားနည်းချွတ်ယွင်းကုန်သည်။ လူက မောနေမည်၊ နုံးနေမည်။


သွေးထဲကသကြားဆီက စွမ်းအင်မရတော့ ကြွက်သားကနေ အမိုင်နိုအက်စစ်များ၊ အဆီဆဲလ်ကနေ အဆီအက်စစ်များကို အသည်းမှာ ဂလူးကို့အဖြစ်ပြောင်းတဲ့ဖြစ်စဉ် ဖြစ်လာသည်။ကြွက်သား ထုထည်လျော့သွားခြင်း၊ အဆီဆဲလ်လျော့သွားခြင်းကြောင့် လူသည်ပိန်လာမည်။ ကြွက်သားကလာပ်စည်းများ ပျက်စီးသွားသောအခါ သတ္တုဓာတ်များထွက်လာပြီး ဆီးထဲ ပါသွားသည်။ ထိုအခါ သတ္တုဓာတ်ချို့တဲ့သဖြင့် (ဥပမာ-ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်) လူသည် နုံးလာမည်။

အဆီဓာတ်များပြိုကွဲရာမှ ထွက်လာသော အဆီအက်စစ်များ၊ ကီတုန်းဘော်ဒီများသည် သွေးထဲတွင် အလွန်များလာသောအခါ Diabetic Ketoacidosis ကြောင့် လူနာသည်သတိမေ့ကာ အချိန်မီ မကုသပါက သေဆုံးနိုင်သည်။

**ဆီးချိုသွေးချို၏ နောက်ဆက်တွဲရောဂါများ**

ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ (Complication)သည် ဆီးချိုသွေးချိုထက် အန္တရာယ်ကြီးပါသည်။ သွေးကြောငယ်များကို ထိ၍ ဖြစ်သောရောဂါနှင့် သွေးကြောကြီးများကို ထိ၍ ဖြစ်သောရောဂါဟူ၍ ခွဲခြားနားလည်နိုင်ပါသည်။ သွေးကြောငယ်ဆိုသည်မှာ သာမန်မျက်စိဖြင့် မမြင်နိုင်သော သွေးကြောများ (ဥပမာ-မျက်စိမြင်လွှာသွေးကြော၊အာရုံကြောကိုအာဟာရထောက်ပံ့သော သွေးကြောငယ်များ)သည်မှန်ဘီလူးနှင့်ကြည့်မှ မြင်ရသည်။မျက်စိမှုန်ခြင်းမှသည် မျက်စိကွယ်သည်အထိ ဖြစ်နိုင်ပါသည်။အာရုံကြောကိုထောက်ပံ့သော သွေးကြောများကို ထိလျှင်တော့ အာရုံကြောအလုပ်မလုပ်နိုင်တော့ပါ။ ခြေလက်၊ အာရုံကြောတွေထိရင် ပထမဦးဆုံး ထုံကျဉ်တာကစပြီး ခြေလက်ပုပ်သည်အထိ ဖြစ်နိုင်ပါသည်။ကျောက်ကပ်သွေးကြော ပျက်စီးလျှင် ကျောက်ကပ်လုပ်ငန်းချို့ယွင်းပြီး ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါတွေ ဖြစ်လာနိုင်ပါသည်။

သွေးကြောမကြီးတွေထိတဲ့အခါ ဦးနှောက်သွေးကြောကျဉ်းပြီး လေဖြတ်တဲ့ရောဂါ၊ လေသင်တုန်းဖြတ်သွားတဲ့ကိုယ်တစ်ခြမ်းသေရောဂါများ ဖြစ်နိုင်ပါသည်။ နှလုံးသွေးကြောထိလျှင် နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါဖြစ်လာနိုင်ပါသည်။ သွေးချိုနေတဲ့အတွက် ရောဂါပိုးများသည် ချိုသောသွေးမှာ ပိုပေါက်ပွားတဲ့အတွက် အနာတစ်ခုခုဖြစ်ရင် တော်တော်နှင့်မကျက်တော့ပါ။




**ဆီးချိုသွေးချိုဝေဒနာရှင်များနှင့် ဆီးချိုသွေးချို ကာကွယ်ချင်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော လူ့ဘဝနေထိုင်မှုပုံစံ (Healthy Lifestyle) အဓိကအချက် ၄ ချက်**

(၁) ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသည့် အစားအသောက်များ ရှောင်ဖို့လိုပါသည်။

(၂) ဆန်၊ ဂျုံ၊ ပြောင်း၊ အာတာလွတ်၊ ကန်စွန်းဥစသည့် ကစီဓာတ်များတဲ့ အစာတွေကို တရားလွန်မစားသင့်ပါ။

(၃) ကိုယ်ကာယလှုပ်ရှားမှုကို တတ်နိုင်သလောက် များများလုပ်ပါ။ အနည်းဆုံး မိနစ် ၃၀ ကနေ မိနစ် ၆၀၊ တစ်ပတ်ကို မိနစ် ၁၅၀ လောက် ကိုယ် ကာယလေ့ကျင့်ခန်း လုပ်ရပါမည်။

(၄) ဆေးလိပ်သောက်ခြင်းကိုရှောင်ပါ၊ အရက်သေစာ အလွန်အကျွံသောက်သုံးခြင်းကိုရှောင်ကြဉ်ပါ။

**ကိုယ်ဝန်ဆောင်စဉ်ဖြစ်သော ဆီးချိုသွေးချို (Gestational Diabetes)**

အချင်းမှထုတ်သော NIH ဟော်မုန်းသည် အင်ဆူလင်ခုခံခြင်း (Insulin resistance) ကို ဖြစ်စေသည်။ ကိုယ်ဝန်ရင့်ချိန်တွင် ဖြစ်လေ့ရှိသည်။ကိုယ်ဝန်ဆောင်အများစုသည် ထိုသို့ဖြစ်သောအခါ အင်ဆူလင်လုံလောက်အောင်ထုတ်ခြင်းဖြင့် ဆီးချိုသွေးချိုမဖြစ်ကြ။ သို့သော် အချို့သော ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် သူတို့၏ ပန်ကရိယက အင်ဆူလင်လုံလောက်အောင် မထုတ်နိုင်သဖြင့် ဆီးချိုသွေးချိုဖြစ်လာသည်။ ဝသော၊ အဝလွန်သော အမျိုးသမီးများသည် နဂိုကတည်းက အင်ဆူလင်ခုခံခြင်းရှိပြီးသားတွင် ကိုယ်ဝန်ဆောင်သောအခါ အင်ဆူလင်ခုခံခြင်း ထပ်ဖြစ်သဖြင့် ထိုသူတို့တွင် ကိုယ်ဝန်ဆောင်စဉ် ဆီးချိုသွေးချိုဖြစ်ရန် အခွင့်အလမ်းပိုများသည်။

**ကမ္ဘာနှင့် ဆီးချိုသွေးချို**

ကမ္ဘာတွင် ခြောက်စက္ကန့်လျှင် တစ်ဦးနှုန်း ဆီးချိုသွေးချိုရောဂါကြောင့် သေဆုံးနေသည်။ကမ္ဘာတွင် ဆီးချိုသွေးချိုရောဂါရှိသူ ၂၀၁၅ ခုနှစ်မှာ ၄၁၅ သန်းရှိရာ ၂၀၄၀ ခုနှစ်တွင် သန်း ၆၄၀ ရှိလာမည်ဟု ခန့်မှန်းထားသည်။ အမျိုးအစား (၂) ဆီးချိုသွေးချိုသည် အဖြစ်အများဆုံး ၉၀ ရာခိုင်နှုန်းမှ ၉၅ နှုန်းဖြစ်သည်။ ယင်းတို့ထဲမှ ၇၀ ရာခိုင်နှုန်းသည် ကာကွယ်နိုင်သောကြောင့် အမျိုးအစား(၂) ဆီးချိုသွေးချိုကာကွယ်ရေးသည် တစ်ကမ္ဘာလုံးနှင့် ဆိုင်သော အရေးကြီးလှသည့် ကျန်းမာရေးလုပ်ငန်းစဉ်ကြီး တစ်ခုဖြစ်ပေသည်။

**မြန်မာနှင့် ဆီးချိုသွေးချို**

မြန်မာနိုင်ငံမှာ ၂၀၁၃-၁၄ သုတေသနစစ်တမ်းအရ အသက်(၂၅) နှစ်နှင့် (၆၅) နှစ်ကြား လူအယောက် ၁၀၀ မှာ ၁၁ ယောက် ဆီးချိုဖြစ်နေသည်ဟုသိရပါသည်။ ဆီးမစစ်သွေးမစစ်ကြည့်လို့ ဆီးချိုသွေးချို ရှိမှန်းမသိသူများလည်း ရှိနိုင်သဖြင့် လူတိုင်း ဆီးချိုသွေးချိုစစ်ကြည့်သင့်ပါသည်။

**အမျိုးသမီးများနှင့် ဆီးချိုသွေးချို**

ယခုလက်ရှိကမ္ဘာတွင် အမျိုးသမီး ၁၉၉ သန်းသည် ဆီးချိုရောဂါခံစားနေရပြီး ၂၀၄၀ ခုနှစ်တွင် ၃၁၃ သန်းဖြစ်လာမည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာတွင် အမျိုးသမီးများသေဆုံးရသည့်ရောဂါများအနက် ဆီးချိုရောဂါသည် နံပါတ်(၉)နေရာလိုက်ပါသည်။ဆီးချိုရောဂါကြောင့် နှစ်စဉ်အမျိုးသမီး ၂ ဒသမ ၁ သန်းခန့်သေဆုံးနေပါသည်။

ဆီးချိုသွေးချိုဝေဒနာရှင် ငါးယောက်တွင် နှစ်ယောက်မှာ ကိုယ်ဝန်ဆောင်နိုင်သည့်အရွယ် ဖြစ်ပေသည်(သန်း ၆၀ ခန့်)။ ဆီးချိုသွေးချို ကိုယ်ဝန်ဆောင်များသည် မွေးဖွားရာတွင် ခက်ခဲလေ့ရှိသဖြင့် အထူးသတိထားရသည်။ ခုနစ်ယောက်မှာ တစ်ယောက်သည် ကိုယ်ဝန်ဆောင်စဉ်ဖြစ်သော ဆီးချိုသွေးချို (Gestational Diabetes-GDM) ဖြစ်တတ်ပြီး မိခင်နှင့်ကလေး ကျန်းမာအသက်ရှင်ရေးကို ပြင်းထန်စွာ ခြိမ်းခြောက်သော အခြေအနေတစ်ရပ်ဖြစ်ပေသည်။ပို၍ဆိုးသည်မှာ ယင်း GDM မှာအမျိုးအစား(၂) ဆီးချိုသွေးချိုသို့ပြောင်းလဲသွားတတ်သဖြင့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်လာနိုင်ခြင်းပင်။

ထို့ကြောင့် အမျိုးသမီးကြီးငယ်များကို ဆီးချိုသွေးချိုဆိုင်ရာ ဗဟုသုတများသင်ကြားပို့ချ၍ နားလည်သဘောပေါက်စေခြင်း၊ လက်လှမ်းမီသလောက် လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားများ ရအောင်စုစည်း၍ အမျိုးအစား(၂) ဆီးချိုသွေးချိုကို ကာကွယ်ခြင်း သို့မဟုတ် ဖြစ်ပွားမှုနှုန်းနှေးစေခြင်း စသည့် လုပ်ငန်းများတွင်ပါဝင်နိုင်အောင် အရည်အသွေးမြှင့်တင်ခြင်းများ လုပ်ဆောင်ပေးကြရမည် ဖြစ်ပေသည်။ အမျိုးသမီးထုအတွင်း ကျန်းမာသောဘဝပုံစံများ တည်ဆောက်ခြင်းဖြင့် ယခုအတွက်သာမက နောင်မျိုးဆက်သစ်များအတွက်ပါ တိုးတက်ကောင်းမွန်သော ကျန်းမာရေးအခြေအနေများကို ဖန်တီးနိုင်ရမည်ဖြစ်ပေသည်။

ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့သည် ဆီးချိုသွေးချိုရောဂါ၏ အန္တရာယ်ကြီးမားပုံကို သတိမူသတိပြု၍ ဆီးချိုသွေးချိုရောဂါကာကွယ်ရေး၊ ဖြစ်ပွားနှုန်းလျော့နည်းရေးအတွက် နိုင်ငံပေါင်း ၁၆၀ ကျော် လူပေါင်း တစ်ဘီလီယံခန့်ပါဝင်သော အကြီးမားဆုံး ကျင်းပသည့် လူထုလှုပ်ရှားမှုနေ့ကြီး ဖြစ်ပေသည်။ သို့ပါ၍ ကမ္ဘာ့လူသားတိုင်း ကျန်းမာရေးနှင့်ညီညွတ်မျှတသော စားသောက်ခြင်း၊ ကျန်းမာရေးနှင့်လိုက်ဖက်သော လူနေမှုပုံစံဖြင့်နေထိုင်ခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်းတို့ဖြင့် ဆီးချိုသွေးချိုရောဂါ ကပ်ဆိုးကြီးမှ ကင်းဝေးနိုင်ကြပါစေ။ ။

> "ကမ္ဘာ့လူသားတိုင်း ကျန်းမာရေးနှင့်ညီညွတ်မျှတသော စားသောက်ခြင်း၊ ကျန်းမာရေးနှင့်လိုက်ဖက်သော လူနေမှုပုံစံဖြင့် နေထိုင်ခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်းတို့ဖြင့် ဆီးချိုသွေးချိုရောဂါ ကပ်ဆိုးကြီးမှ ကင်းဝေးနိုင် . . ."

# ငြိမ်းချမ်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဂီတပဒေသာ ဖျော်ဖြေပွဲကျင်းပ

**မဟာအောင်မြေ နိုဝင်ဘာ ၁၄**
စစ်မက်ကင်းကွာနေသောဒေသမှပြည်သူများငြိမ်းချမ်းရေး၏အနှစ်သာရကို သဘောပေါက်နားလည်စေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးသည်အရေးအကြီးဆုံးအခန်းကဏ္ဍမှပါဝင်နေသည်ကို ပြည်သူလူထုအနေဖြင့် သိရှိနားလည်စေပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်တတ်စေရန် ရည်ရွယ်ချက်များဖြင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ငြိမ်းချမ်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဂီတပဒေသာကပွဲကိုနိုဝင်ဘာ ၁၃ ရက် ညနေ ၆ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၆၂) လမ်းရှိပြည်သူ့ရင်ပြင်၌ ကျင်းပသည်။



ငြိမ်းချမ်းရေးဂီတပဒေသာကပွဲကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေတို့က ငြိမ်းချမ်းရေးချိုးဖြူငှက်လွှတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သဘင်ပညာဌာန၊ သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာမှကလေးများ၊ ကံတက်ကုန်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူများ၊ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက အဆို၊အကများဖြင့်လည်းကောင်း၊အဆိုတော်မွန်းအောင်နှင့်အဖွဲ့က ငြိမ်းချမ်းရေးတေးသီချင်း၊ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်းသိရသည်။

ဂီတပဒေသာဖျော်ဖြေပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာ ဒေါက်တာယုယုမေနှင့် အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးချစ်မြတ်နိုးသည့်ပြည်သူများ တက်ရောက်အားပေးကြသည်။

**သီဟကိုကို(မန္တလေး)**

# တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ လည်ပတ်

**နေပြည်တော် နိုဝင်ဘာ ၁၄**
နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ်ဝင်ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ တာချီလိတ် နယ်စပ် ဝင်/ထွက်ပေါက်မှတစ်ဆင့် နေ့ချင်းပြန် ခရီးစဉ်လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၀၅ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၈၁၉ ဦး၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသား ခရီးသွားဧည့်သည် ၂၈၄ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သောတာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူသစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီစသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြား ခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ နေ့ချင်းပြန် ခရီးသည် စုစုပေါင်းမှာ ၄၆၅၀၃၂ ဦးဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် ခရီးသည်စုစုပေါင်း ၈၃၇၂ ဦးနှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည် စုစုပေါင်း ၄၂၅၆ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့သည်။

**(ကြေးမုံ)**

# မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း(မန္တလေးတိုင်းဒေသကြီး) စီးပွားရေးဆိုင်ရာအထောက်အကူပြုဟောပြော၊ လက်လီ ဈေးရောင်းပွဲတော် ကျင်းပ

**အောင်မြေသာစံ နိုဝင်ဘာ ၁၄**
မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(မန္တလေးတိုင်းဒေသကြီး)က ကြီးမှူး ကျင်းပသော တတိယအကြိမ် အသင်းသားစုံညီအစည်းအဝေး၊ စီးပွားရေးဆိုင်ရာ အထောက်အကူပြုဟောပြောပွဲ၊ လက်လီဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လက်လီရောင်းချသူများ အသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးညွန့်ဇော်က အသင်း၏ဆောင်ရွက်ချက်များ အားရှင်းလင်းတင်ပြသည်။ ထို့နောက် စီးပွားရေးဆိုင်ရာ အထောက်အကူပြုဟောပြောပွဲ ဈေးရောင်းပွဲနှင့် ဂီတဖျော်ဖြေပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုလွှာများပေးအပ်သည်။

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းချုပ်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး)အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့မှ လက်လီရောင်းချသူများ၊ အသင်းဝင်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စီးပွားရေးဆိုင်ရာအထောက်အကူပြုဟောပြောပွဲကို မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ဆရာဦးတင်ဇံကျော်၊ ဆရာဦးအောင်ကျော်မိုး၊ ဒေါ်ဝင်းဝင်းတင့်၊ ဒေါ်ညိုညိုစိန်၊ ဒေါ်ဝေသစ်လွင်၊ ဒေါ်သင်းသင်းကျော်တို့က အောင်မြင်အောင်ဖြတ်သန်းခဲ့ရသည့် စီးပွားရေးဆိုင်ရာ အတွေ့အကြုံများကို အမြင်ချင်းဖလှယ်စကားဝိုင်းဆွေးနွေးသည်။

ည ၇ နာရီ တွင် အဆိုတော်ဖြိုးပြည့်စုံနှင့် ခင်စုစုနိုင်တို့၏ဂီတဖျော်ဖြေပွဲကျင်းပပြီး မန္တလေးမြို့ရှိ လုပ်ငန်းများ၊ ကုမ္ပဏီများမှ ထုတ်ကုန်ပစ္စည်းများပြသရောင်းချကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသို့ ငွေကျပ်သန်းပေါင်း ၄၅၀၀၀ ကျော် ထုတ်ချေးပေးရန်လျာထား

**မုံရွာ နိုဝင်ဘာ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများ ဆောင်းသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကျပ် ၄၅၃၀၀ ဒသမ ၉၅ သန်းအား ထုတ်ချေးပေးသွားရန် လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

"မိုးရာသီမှာတော့ ချေးငွေကျပ်သန်းပေါင်း ၂၁၇၀၅၇ ဒသမ ၂၅ သန်းကို ထုတ်ချေးထားပြီးပါပြီ၊ မကြာခင်ကာလမှာ ဆောင်းရာသီစိုက်ပျိုးရေး လုပ်ငန်းတွေ စတင်လုပ်ကိုင်တော့မှာဖြစ်တဲ့အတွက် အချိန်မီစိုက်ပျိုးနိုင်ဖို့အတွက် ချေးငွေတွေကို ထုတ်ချေးပေးသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီးမန်နေဂျာ ဦးမျိုးမြင့်ဦးက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၃၂ ခုမှ ကျေးရွာပေါင်း ၁၅၈၀ ရှိ အစုအဖွဲ့ပေါင်း ၁၁၅၄၂၉ စုမှ အသင်းသားပေါင်း ၃၃၄၉၁၈ ဦးသို့ စပါး ၁၂၅၂၉၂၁ ဧကနှင့် အခြားသီးနှံ ၅၈၂၃၂၈ ဧကစိုက်ပျိုးနိုင်ရန်အတွက် ချေးငွေကျပ် ၂၁၇၀၅၇ ဒသမ ၂၅ သန်းကို ထုတ်ချေးပေးခဲ့ပြီး ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ငွေကျပ် ၄၅၃၀၀ ဒသမ ၉၅ သန်းကိုလည်း ထုတ်ချေးပေးနိုင်ရန်အတွက် လျာထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကျောင်းသား ကျောင်းသူများအား အခြေခံဝူရှူး အားကစားသင်တန်း ဖွင့်လှစ်သင်ကြား

**နေပြည်တော် နိုဝင်ဘာ ၁၄**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူလူငယ်များအား ဗလငါးတန် ဖွံ့ဖြိုးပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်ဆောင်ရွက်နိုင်စေရန်အတွက် အခြေခံဝူရှူးအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးဝင်းသိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးသစ်၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။



ရှေးဦးစွာ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးလှမျိုးမြင့်က သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး သင်ကြားပို့ချပေးကြမည့် နည်းပြဆရာများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ဝူရှူးအားကစားနည်းပြဆရာဦးပြည့်ဖြိုးဝေက ဝူရှူးအားကစားနည်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဘုန်းသန့်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၎င်းနောက် သင်တန်းနည်းပြ ဆရာများက ကျောင်းသား ကျောင်းသူများအား အခြေခံ ဝူရှူးအားကစားနည်းစနစ်များကို စတင်သင်ကြားပြသပေးကြသည်။

ယခုဖွင့်လှစ်သင်ကြားပေးတဲ့ အခြေခံဝူရှူးအားကစားသင်တန်းကို ပဉ္စမတန်းနှင့် ဆဋ္ဌမတန်းတို့မှ ကျောင်းသား ကျောင်းသူ ၁၈၀ တက်ရောက်သင်ယူလျက်ရှိပြီး ရက်သတ္တပတ်လျှင် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာနေ့များတွင် ညနေ ၃ နာရီခွဲမှ ၄ နာရီခွဲအထိ အချိန်သတ်မှတ်သင်ကြားသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက်အထိ ၁၁ ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးသစ်က ပြောသည်။

**ရွှေကုက္ကို**

## ဌာနတွင်း ဝန်ထမ်းများအား ရက်တို စာရင်းစစ်သင်တန်း ဖွင့်လှစ်သင်ကြား

**မြစ်ကြီးနား နိုဝင်ဘာ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ်သမဝါယမဦးစီးဌာနမှ ကြီးမှူး၍ ဌာနတွင်းဝန်ထမ်းများအား ရက်တို စာရင်းစစ်သင်တန်း ဖွင့်လှစ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉နာရီခွဲက အဆိုပါရုံးရှိ 'ဆွတ်ဂျာအိန်' ခန်းမ၌ ကျင်းပရာ ပြည်နယ် သမဝါယမ ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်တင်နှင့် တာဝန်ရှိသူများက စာရင်းစစ်ဆေးခြင်းဘာသာရပ်၊ အရစ်ကျငွေချေးစနစ်ဘာသာရပ်၊ စဉ်းစားတွေးခေါ်မှု ပြောင်းလဲခြင်းဘာသာရပ်၊ China EXIM Bank လုပ်ငန်းဘာသာရပ်၊ ရုံးစာရေး စာရေးသားနည်းဘာသာရပ်၊ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း ဘာသာရပ်များအား လေ့ကျင့်ဆွေးနွေးသွားမည်ဖြစ်ကာ ပြည်နယ်အတွင်း မြို့နယ် သမဝါယမဦးစီးဌာန ၁၃ ခုမှ ဌာနတွင်း အမှုထမ်း၊ အရာထမ်းဝန်ထမ်း ၇၀ တက်ရောက်ကြပြီး နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်တင်နှင့် တာဝန်ရှိသူများ၊နည်းပြများနှင့် သင်တန်းတက်ရောက်မည့် ဌာနတွင်းဝန်ထမ်းများ အင်အား ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

## မြိုင်မြို့နယ်မှ အသေးစား လျှပ်စစ်ဓာတ်အားပေးစနစ် စီမံကိန်း ကျေးရွာပြည်သူများအား အကျိုးပြုမည်



**မြိုင် နိုဝင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ National Electrification Project စီမံကိန်းတွင် အသေးစား လျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ DRD, World Bank, GIZ နှင့် လုပ်ငန်းရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် မြိုင်မြို့နယ် ဆည်တော၊ ကံသာအေးနှင့် ကျောက်တောင်ကျေးရွာတို့တွင် ဆိုလာစနစ်ဖြင့် အသေးစားဓာတ်အားပေးမီးလင်းရေးလုပ်ငန်းများဖွင့်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာများ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကမ္ဘာ့ဘဏ်မှ ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ယနေ့ဖွင့်လှစ်တဲ့ အမျိုးသားလျှပ်စစ်မီးရရှိရေး စီမံကိန်းဖြင့် Solar Mini Grid မီးလင်းရေးဟာ ကျေးရွာပြည်သူများ ၂၄ နာရီ မီးသုံးစွဲနိုင်ပြီး အိမ်သုံးလျှပ်စစ်ပစ္စည်းများ သုံးစွဲနိုင်ခြင်း၊ အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများတွင် မီးသုံးစွဲနိုင်ခြင်းတို့ကြောင့် ကျေးရွာရှိပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ကျေးရွာသူကျေးရွာသားများ အနေဖြင့်လည်း Solar Mini Grid မီးလင်းရေး ရေရှည်တည်တံ့အောင် ထိန်းသိမ်းပေးကြဖို့ လိုအပ်ပါတယ်" ဟု ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အမျိုးသား လျှပ်စစ်မီးရရှိရေးစီမံကိန်း (NEP) မူဝါဒနှင့်အညီ မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ကွာဝေးပြီး နောင်လာမည့် ၁၀ နှစ်အတွင်း မရောက်ရှိနိုင်သောကျေးရွာများတွင် (Solar Mini-Grid System) ဆောင်ရွက်ရန်လျာထားပြီး ကျေးရွာနေပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ အစိုးရဘတ်ဂျက် ၆၀ရာခိုင်နှုန်း၊ လုပ်ငန်းရှင်များမှ ၂၀ရာခိုင်နှုန်း ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သော ဆည်တော၊ ကံသာအေး ကျေးရွာတွင် ၁၁၀ ကီလိုဝပ်ဖြင့် အိမ်ခြေ ၁၀၈ အိမ်၊ ကျောက်တောင် ကျေးရွာတွင် ၁၂၀ ကီလိုဝပ်ဖြင့် အိမ်ခြေ ၁၅၉ အိမ် စုစုပေါင်းအိမ်ခြေ ၂၆၇ အိမ်တို့တွင် ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် ဖြန့်ဝေပေးနိုင်သည့် စနစ်ဖြစ်ပြီး Smart Meter ကြိုတင် ငွေဖြည့်ကတ်စနစ်ဖြင့် တစ်ယူနစ်လျှင် ကျပ် ၃၅၀ နှုန်းဖြင့် သုံးစွဲနိုင်ပြီး တစ်အိမ်လျှင် LED ၅ ဝပ် သုံးလုံး၊ ဖုန်းအားသွင်းခြင်း၊ DC TV, ရေခဲသေတ္တာနှင့် ပန်ကာတို့ကို သုံးစွဲနိုင်မည်ဖြစ်ရာ လက်ရှိ တစ်အိမ်လျှင် တစ်လ ၂၀ ယူနစ်ခန့်သုံးစွဲမှုအပေါ် တစ်ယူနစ် ကျပ် ၃၅၀ နှုန်းဖြင့် တစ်လအတွက် ငွေကျပ် ၇၀၀၀ ခန့်သာ ကုန်ကျမည်ဖြစ်ပြီး လမ်းမီးတိုင်၊ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် ဘုန်းကြီးကျောင်းတို့ကို အခမဲ့သုံးစွဲခွင့်ပြုထားသည့်အပြင် အသေးစားစက်မှုလုပ်ငန်းများဖြစ်သော ဝရိန်ဆော်ခြင်း၊ နွားစာစဉ်းခြင်း၊ သီးနှံကြိတ်စက်၊ ပဲလှေ့စက် လုပ်ငန်းများ ဆောင်ရွက်နိုင်ကာ ဝပ် ၁၀၀၀ အထိ သုံးစွဲနိုင်ပြီး မော်တာသုံးကောင်အားဖြင့် သီးသန့်လိုင်းမှ ရေစုပ်တင်ခြင်းကိုလည်း သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

Solar Mini-Grid စနစ်ဖြင့် ၂၀၂၁ ခုနှစ်အထိ ကျေးရွာပေါင်း ၃၀၀ ခန့်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တစ်အိမ်သုံးဆိုလာစနစ် Solar Home System-SHS ကို ပြည်သူမှ ၁၀ရာခိုင်နှုန်းထည့်ဝင်ရပြီး ၂၀၂၁ ခုနှစ်အထိ ပထမငါးနှစ်စီမံကိန်းအတွင်း အိမ်ထောင်စုပေါင်း ငါးသိန်းခန့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးသွားရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံမှ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုမှုကြည့်ရှု

**မြောင် နိုဝင်ဘာ ၁၄**



စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း ဦးဆောင်သည့် မြို့နယ်ဌာနဆိုင်ရာအဖွဲ့က နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုသည့်ကျေးရွာများဖြစ်သည့် သာဒွန်း၊ အိုင်သာ၊ ပေါက်တောကျေးရွာများရှိ တောင်သူလုပ်စား ကိုင်းမြေများအား ကြည့်ရှုစစ်ဆေးကာ ကမ်းပါးပြိုမှု ထိန်းသိမ်းနိုင်ရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

"ဆုံးရှုံးမြေဧက ၂၀၁၆/၂၀၁၇ ပေါ့။ ကျေးရွာသုံးရွာ လုပ်စားကိုင်းမြေ တော်တော်လေး မြစ်ကြောင်းထဲ ပါသွားတယ်၊ အိုင်သာကျေးရွာက ၁၆၈ ဧက၊ ပေါက်တောကျေးရွာ လုပ်စားကွင်းက ၁၃၇ ဧက နောက်ပြီး သာဒွန်းကျေးရွာက ငါးဧက ဆုံးရှုံးသွားပါတယ်၊ အခုဆိုရင် သာဒွန်းကျေးရွာအနား ကမ်းပါးက နီးကပ်နေတယ်၊ ဒါကြောင့် မြို့နယ် စီ/ခန့်ဥက္ကဋ္ဌနှင့်အတူ ဌာနဆိုင်ရာအဖွဲ့များက ကွင်းဆင်းကာ ရှေ့ဆက် လုပ်ဆောင်ရမည့် လိုအပ်သည်များကို လာရောက်အကြံပြု ဆွေးနွေးတာပါ" ဟု မြေစာရင်းဦးစီးမှူး ဦးဝဏ္ဏမောင်က ပြောသည်။

**တင်ကိုကို (ပြန်/ဆက်)**

## စစ်ကိုင်းမြို့ ရွှေမင်းဝံပန်းခြံတွင် LED မီးထွန်းပွဲတော်ကျင်းပမည်

**စစ်ကိုင်း နိုဝင်ဘာ ၁၄**

စစ်ကိုင်းမြို့ ရွှေမင်းဝံပန်းခြံတွင် LED မီးအလှပြပွဲနှင့် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၇ ရက် မှ စတင်ကာ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၅ ရက်ကြာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမီးအလှပြပွဲတွင် ပန်းခြံတစ်ဝိုက် LED မီးလုံးများဖြင့် အလှဆင်ထားပြီး ပန်းခြံတိုင်း၏ ဝင်ပေါက်တိုင်းတွင် LED မီးကုံးများဖြင့် အလှဆင်ထားကာ ပဲရစ်မျှော်စင်ပုံစံများ၊ ဆင်ရုပ်ပုံစံများ၊ ရှူးဖိနပ်ပုံစံများ၊ ဂီတာပုံစံများ ၊ အိမ်ပုံစံများ၊ ကလေးတို့အတွက် ပျော်ရွှင်ဖွယ်ရာ ဒီဇိုင်းပုံစံမျိုးစုံဖြင့် အလှဆင်ထားသည်။



"ဒီမီးထွန်းပွဲတော်က မုံရွာမှာလည်း လုပ်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ စစ်ကိုင်းမြို့ စည်ပင်သာယာရေးကော်မတီက နေပြီးတော့ တိုင်းဒေသကြီးကိုလည်း စာတင်ပြီးပါပြီ။ ခွင့်ပြုချက်လည်း ရပြီးဖြစ်ပါတယ်၊ မီးထွန်းပွဲတော်က နိုဝင်ဘာ ၁၇ ရက်ကနေပြီး ရက်ပေါင်း ၂၅ ရက်ကြာ ပြသသွားမှာပါ၊ ကွင်းဝင်ကြေးအနေနဲ့ကတော့ ကလေး ကျပ် ၅၀၀ နဲ့ လူကြီး ကျပ် ၁၅၀၀ ဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ၏ ပြောပြချက်အရ သိရသည်။

**စစ်ကိုင်းခရိုင် ပြန်/ဆက်**

## စိုက်ပျိုးရေးနှင့်တွဲဖက်၍ ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများလာသောကြောင့် ကျေးလက်မိသားစု ဝင်ငွေပိုမိုရရှိ

**ကနီ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် စိုက်ပျိုးရေးနှင့်တွဲဖက်၍ ပျားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်သူများလာသောကြောင့် မိသားစုဝင်ငွေ ပိုမိုရရှိနေကြောင်း ကနီမြို့နယ် ပျားလုပ်ငန်းဌာနဦးစီးမှူး ဦးကျော်ငွေးထံမှ သိရသည်။

"ပျားအုံတွေချပြီး မွေးတဲ့ကာလမှာ ပြည်သူ ပညာပေးသင်တန်းတွေ လက်တွေ့ပြသ ဆောင်ရွက်ခဲ့တာကြောင့် ကနီမြို့နယ်က ဒေသခံပုဂ္ဂလိက ပျားမွေးတဲ့သူ ၈၃ ဦး အထိရှိပြီး ပျားအုံ ၁၂၀၀ မွေးမြူအောင်မြင်ခဲ့တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိနေပါတယ်။ စိုက်ပျိုးရေးနဲ့တွဲပြီး ပျားမွေးလာတဲ့အတွက် မိသားစုဝင်ငွေပိုလာတာတော့ အမှန်ပါ။ ပျားရည်ထုတ်လုပ်မွေးမြူတာကို လက်တွေ့ပြသနိုင်တဲ့အတွက် ပျားမွေးမြူရေး နည်းပညာကို ပိုမို စိတ်ဝင်စားပျံ့နှံ့လာတာတွေ့ရပါတယ်" ဟု ဦးကျော်ငွေးက ပြောသည်။

စိုက်ပျိုးရေးနှင့်အတူ ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်သူဦးရေများလာသော ကနီမြို့နယ်၏ ခေတ်မီပျားမွေးမြူရေးလုပ်ငန်းဖြင့် လက်တွေ့ ပျားရည်ထုတ်လုပ်နေမှုများကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့်အတူ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် ပျားမွေးမြူရေးလုပ်ငန်းရှင်အသင်းတို့ လာရောက်လေ့လာခဲ့ကြသည်။ ဝန်ကြီးနှင့်အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနပြခန်းနှင့် ခေတ်မီပျားမွေးမြူရေးလုပ်ငန်းဖြင့် လက်တွေ့ ပျားရည်ထုတ်လုပ်နေမှုများကို စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနဦးစီးမှူး ဦးမျိုးတင့်က လိုက်လံရှင်းလင်းပြသသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိက ပျားမွေးမြူရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပျားမွေးမြူထုတ်လုပ်နေမှုများနှင့် ပတ်သက်၍ "ပျားရည်အထွက်နှုန်းက ဒီနှစ်နည်းပါတယ်။ မိုးကောင်းခဲ့တဲ့အတွက် ပျားရည်အထွက် လျော့တဲ့သဘောပါ။ နေ့လယ်ပိုင်း ဝတ်ရည်ထွက်နေတဲ့အချိန် မိုးရွာတော့ မိုးနဲ့ပါသွားသလို ရာသီဥတုအပြောင်းအလဲကြောင့် ပျားရည်အထွက်လျော့ပါတယ်။ ဒီနှစ် ထူးခြားတာက ပျားလုပ်တဲ့သူတွေတိုးလာပေမယ့် ပျားရည်အထွက်မှာတော့ လျော့တဲ့အတွက် အရင်နှစ်တွေ နဲ့စာရင် ပျားရည်အရနည်းပါတယ်" ဟု ပြောသည်။

ကနီမြို့နယ်အတွင်းမှထွက်သော ပျားရည်သည် သဘာဝအော်ဂဲနစ်မှရသော ပျားရည်ဖြစ်သောကြောင့် နှစ်စဉ်ပြည်ပ ပညာရှင်နှင့်လေ့လာသူများသည် တစ်နှစ်လျှင် လေးဖွဲ့ငါးဖွဲ့ လာရောက်လေ့လာမှုများရှိပြီး လက်ရှိကနီမြို့နယ် ကျေးရွာ ၂၆ ရွာတွင် မွေးမြူထားသည့်ပျားအုံပေါင်း ၈၈၅၁၇ အုံမှ ပျားရည် ပေါင် ၃၉၂၃၅၀၀ ထုတ်လုပ်ရရှိကြောင်း သိရသည်။

"ပျားအုံတွေကို သီးနှံစိုက်ခင်းတွေမှာ ချထားပြီး ပျားတွေကို ဝတ်မှုန်ကူးစေခြင်းနဲ့ သီးနှံတွေ ပိုဖြစ်ထွန်းပြီး အထွက်တိုးစေပါတယ်။ ပျားမွေးမြူရေးလုပ်ငန်းကြောင့် ကျေးရွာတွေရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေရအောင်ပေးနိုင်စေတဲ့အပြင် နေ့စားအလုပ်သမားတွေ ငှားသုံးတဲ့အတွက် နေ့စဉ်လိုပဲ ဒေသခံတစ်ဦးချင်းစီရဲ့ ဝင်ငွေဟာလည်း တိုးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနဦးစီးမှူးဦးမျိုးတင့်က ရှင်းပြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ကလေးငယ်တိုင်း ထိုးထားဖို့လိုအပ်

**ရွှေတိုင်လွင်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်ကို လေ့လာတင်ပြရပါလျှင် နှစ်စဉ်ဖြစ်ပွားသူများမှာ ၆၈၀၀၀ ဖြစ်ပြီး သေဆုံးသူဦးရေ ၁၃၆၀၀ မှ ၂၀၄၀၀ ခန့်ရှိကြောင်း လေ့လာသိရှိရပါပေသည်။ ယင်းဂျပန်ဦးနှောက်ရောင်ရောဂါသည် ကလေးငယ်များ အများဆုံးဖြစ်ပွားကြပြီး ကိုးလမှ ၁၅ နှစ်အတွင်း ကလေးငယ်များ အဖြစ်များကြောင်းကိုလည်း တွေ့ရှိရပါလေသည်။

လူငယ်တို့သည် အနာဂတ်၏ ရတနာလေးများဖြစ်သလို အနာဂတ်ကို တည်ဆောက်ကြမည့်သူများဖြစ်ခြင်းကြောင့် အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိ သတိရှိစွာဖြင့် မိဘများကလည်း အလေးဂရုထားကာ ကျန်းမာရေးဌာနနှင့်ပူးပေါင်းပြီး လိုအပ်သော ကာကွယ်ဆေးများကို အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးဖို့ နှိုးဆော်တင်ပြအပ်ပါသည်။

**ခြင်မှတစ်ဆင့် ကူးစက်**

ဂျပန်ဦးနှောက်ရောင်ရောဂါ ပိုင်းရပ်စ်ပိုးသည် လူလူချင်းမှ ကူးစက်ခြင်းမဟုတ်သောလည်း ထိုရောဂါ ပိုင်းရပ်ပိုးသယ်ဆောင်ထားသည့် Cubex Tritaeniorhynuchus ခြင်ကိုက်ခံရလျှင် ရောဂါပိုးကူးစက်၍ ဖြစ်ပွားနိုင်ပါသည်။ ယင်း ဂျပန်ဦးနှောက်ရောင်ရောဂါ ပိုင်းရပ်ပိုးသည် ရေ၌ကျက်စားသော ငှက်များ၊ ဝက်များ၊ အဆိုပါ တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်တွင် လှည့်ပတ်ကူးစက်ပြန့်ပွားလေ့ရှိပြီး ထိုတိရစ္ဆာန်များကိုကိုက်သော အထက်ဖော်ပြပါခြင်များမှတစ်ဆင့် လူနှင့် အခြားတိရစ္ဆာန်တို့ပါ ကူးစက်လေ့ရှိပေသည်။ လူတစ်ဦးမှတစ်ဦးသို့ မကူးစက်ဟုဆိုသော်လည်း ဤရောဂါကို ပေါ့ဆ၍မနေသင့်ပါ။ အမျိုးသားရေးကဏ္ဍဟု နှလုံးသွင်းပြီး အမျိုးသားရေးအသွင်ဖြင့် ယခုအချိန်ကစ၍ ကလေးသူငယ်များကို စောင့်ရှောက်ပေးကြဖို့ရန်မှာ တစ်နိုင်ငံလုံး မြန်မာတစ်မျိုးသားလုံးအတွက် အထူးအရေးကြီးသည့်ကဏ္ဍဖြစ်ပါကြောင်း ရှုမြင်ခံစားတင်ပြအပ်ပါသည်။

**အသက်ဆုံးရှုံးနိုင်**

ထိုဂျပန်ဦးနှောက်ရောင်ရောဂါသည် ဘယ်လောက်ထိ စိုးရိမ်ရပါသနည်းဟု စာဖတ်သူများ မေးကောင်းမေးနိုင်ပါပေသည်။ စာရေးသူလေ့လာတွေ့ရှိသမျှကို တင်ပြပါမည်။ ဤရောဂါဖြစ်ပွားလျှင် ရုတ်တရက်ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ပျို့အန်ခြင်း၊ အော့အန်ခြင်း ကဲ့သို့သော သာမန်အခြေအနေဖြစ်သော်လည်း ရောဂါအခြေအနေဆိုးရွားလာလျှင် စိတ်ရှုပ်ထွေးခြင်း ဝေဒနာခံစားရခြင်း၊ တက်ခြင်း၊ အကြောများဆွဲခြင်းတို့ ဖြစ်ပွားနိုင်ပြီး အချို့လူနာတို့သည် သတိလစ်မေ့မြောခြင်း၊ အကြောသေခြင်းနှင့် အသက်ပါဆုံးရှုံးရကြောင်း ကျန်းမာရေးဌာနမှ လေ့လာသိရှိရပေသည်။

ရောဂါဖြစ်ပွားသူများအနက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သေဆုံးနိုင်ပြီး အသက်ရှင် ကျန်ရစ်သူတို့မှာလည်း ၃၀ ရာခိုင်နှုန်းမှာ ကိုယ်လက်မသန်စွမ်းခြင်း၊ နားလေးခြင်း၊ မကြာခဏ တက်ခြင်း၊ စကားမပြောနိုင်ခြင်း၊ အခြားစိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူဆိုင်ရာများပါ ချို့ယွင်းမှုများဖြစ်ပွားနိုင်ပါကြောင်းကိုလည်း ကျန်းမာရေးဌာနက ဖော်ညွှန်းပြသထားခြင်းကို လေ့လာတွေ့မြင် ရပါသောကြောင့် ကလေးမိခင်တိုင်း ကလေးငယ်များ၏အနာဂတ်အရေးကို မြော်တွေးကြကာ အမျိုးသားရေးကဏ္ဍတစ်ရပ်အနေဖြင့် မဖြစ်မနေ ကာကွယ်ဆေးများကို ကြိုတင်ထိုးနှံထားကြဖို့ရာ လိုအပ်လှပေသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနတို့ကလည်း အမျိုးသားကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များဖြစ်သော ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ မြန်မာတစ်နိုင်ငံလုံးရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ငါးနှစ်မှ ၁၅ နှစ်အထိ ကလေးများအား ကွင်းဆင်း၍ ကာကွယ်ဆေးများကို ထိုးနှံပေးသွားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၁ ရက်များအထိ တစ်နိုင်ငံလုံးရှိ ကျေးလက်၊ မြို့နယ်၊ ခရိုင်များသို့လည်း ကိုးလမှ ငါးနှစ်အရွယ်ကလေးငယ်များကို ကွင်းဆင်းကာ ထိုးနှံပေးသွားမည်ဟု သိရှိရပြီး ကျောင်းများမှ ကျန်ရှိသောကလေးများကိုလည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဌာနက ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်ကိုလည်း သိရှိရပါသည်။

**အရည်အသွေး ပြည့်မီ**

ယင်းဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးသည် ပြည်သူများသိနားလည်ထားဖို့ရာမှာ ကြောက်စရာမဟုတ်ပါကြောင်း၊ ဆေးထိုးပြီးခါစတွင် ယာယီဖျားမည်၊ ဆေးထိုးထားသည့်နေရာတွင် နီခြင်း၊ နာခြင်း၊ မအီမသာဖြစ်ခြင်း စသည်တို့ ဖြစ်ပေါ်နိုင်ကြောင်း၊ ဤဆေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chengdu Institute of Biological Products တွင်ထုတ်လုပ်ပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြုထားသည့် ကာကွယ်ဆေးပင်ဖြစ်ကြောင်း သိရသည်။

ယင်းကာကွယ်ဆေးကို လွန်ခဲ့သည့်အနှစ် ၂၀ ကတည်းက တရုတ်နိုင်ငံမှထုတ်လုပ်သုံးစွဲရုံသာမက အခြားသော အာရှနိုင်ငံများရှိ လူသန်း ၄၀၀ ကို ထိုးနှံပေးနိုင်ခဲ့ပြီးကြောင်းကိုလည်း လေ့လာတွေ့ရှိရပေသည်။ ယခုလက်ရှိသုံးစွဲနေသော နိုင်ငံများမှာ နီပေါ၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှာလည်း ဤကာကွယ်ဆေးကို အသုံးပြုလျက်ရှိနေကြောင်းကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ လေ့လာတွေ့ရှိရပါလေသည်။

သို့ပါသောကြောင့် မြန်မာနိုင်ငံတော်ကြီးရှိ ကလေးသူငယ်အားလုံးကို အမျိုးသားရေးအမြင့်ဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ အနာဂတ်နိုင်ငံတော်၌ အနာရောဂါကင်းရှင်းပြီး ကျန်းမာ သန်စွမ်းသော ကလေးများဖြင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရေးကို အလေးထားလျက် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို အသက် ကိုးလမှ ၁၅ နှစ်အထိ ကလေးငယ်တိုင်း ထိုးထားဖို့ရာ လိုအပ်ပေသည်ဟု အမျိုးသားရေးဦးထိပ်ထားကာ ရေးသားတင်ပြလိုက်ရပါတော့သည်။ ။

> “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ အနာဂတ်နိုင်ငံတော်၌ အနာရောဂါကင်းရှင်းပြီး ကျန်းမာသန်စွမ်းသော ကလေးများဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်”

# စကားဝိုင်း ယဉ်ကျေးမှု

**ခင်မောင်ဌေး (ပညာရေး)**

ယခု လက်ရှိ အစိုးရလက်ထက်တွင် စကားဝိုင်းယဉ်ကျေးမှုတစ်ရပ် လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလာသည်ဟု ဆိုရမည်ဖြစ်သည်။ ပြည်သူ့စကားဝိုင်းဆိုသည်မှာ ပြည်သူတို့၏ အသံများ အစုံကြားနိုင်သည့် နေရာဖြစ်သည်။ ပြည်သူ့အသံများမှတစ်ဆင့် နိုင်ငံရေး စင်မြင့်သို့ အလျင်အမြန်ရောက်နိုင်ကာ ပြည်သူ့ဆန္ဒ ပြည်သူ့မျှော်လင့်ချက်များ အမြန် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းတစ်သွယ်လည်းဖြစ်သည်။

**စကားဝိုင်းယဉ်ကျေးမှု အရှိန်ရလာ**

၂၁ ရာစုပင်လုံညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အလွှာပေါင်းစုံမှ တိုင်းရင်းသားတို့၏ စကားဝိုင်းကို တိုက်ရိုက်တွေ့သိရ၏။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဝမ်းတွင်းနယ်သို့ ရောက်စဉ် ကျေးရွာသူ ကျေးရွာသားများ ပေါင်းစုံနှင့် စကားဝိုင်းကျင်းပပြန်၏။ ထိုမှစ၍ စကားဝိုင်းယဉ်ကျေးမှု အရှိန်ရလာကာ ယခုဆိုလျှင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် ကွန်မြူနီတီစင်တာများတွင် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများ စီစဉ်ကျင်းပလာသည်ကိုလည်း တွေ့ရပြီး မကြာသေးမီကပင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် Recreation Centre တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို လူငယ်များနှင့် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရေးအတွက် လူထုလူတန်းစား အလွှာအသီးသီးမှ ပြည်သူများပါဝင်သည့် ပြည်သူ့စကားဝိုင်းတစ်ရပ် ကျင်းပခဲ့သည်။ ယင်းပြည်သူ့စကားရပ်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် ‘လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း’ ခေါင်းစဉ်ဖြင့် ပြောကြားဆွေးနွေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက “ကျွန်တော်တို့ တိုင်းပြည်မှာ ဒီမိုကရေစီ ပိုမိုပြည့်ဝတဲ့စနစ်တစ်ခု တည်ဆောက်ဖို့ လေ့ကျင့်တည်ဆောက်နေတာဖြစ်ပါတယ်၊ ဦးဆောင်ဆွေးနွေးကြတဲ့ ပုဂ္ဂိုလ်များရဲ့ ဆွေးနွေးချက်တွေကို နားထောင်ပြီး၊ ဆက်စပ်ပြီး မိမိတို့ ဆွေးနွေးချင်တာရှိသမျှကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါ၊ အကျိုးသင့်အကြောင်းသင့် မေးမြန်းဆွေးနွေးတဲ့ ဆွေးနွေးပွဲစကားဝိုင်းဓလေ့ ဖြစ်စေချင်ပါတယ်၊ မိမိသဘောဆန္ဒကို ယဉ်ကျေးသော နည်းလမ်းအားဖြင့်၊ တင်ပြဆွေးနွေးသောအားဖြင့် ကျွန်တော်တို့ တိုင်းပြည်မှာ ယဉ်ကျေးသော ဆွေးနွေးတဲ့ဓလေ့တစ်ခု ထွန်းကားစေချင်ပါတယ်၊ ဒါကလည်း ဒီမိုကရေစီ အလေ့အကျင့်ဖြစ်ပါတယ်” ဟု ပြောကြားသွားသည်။

စင်စစ် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်၏။ သို့ဖြစ်၍ နိုင်ငံသားတိုင်းသည် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ စံနှုန်းစံထားများနှင့်အညီ ပြုမူကျင့်ကြံတတ်မှုရှိရန် အရေးကြီးလှသည်။ ယင်းအလေ့အထများကို ကျောင်းနေစဉ်တွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းများအတွင်း၌လည်းကောင်း လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်သာဖြစ်သည်။ သို့မှသာ ဒီမိုကရေစီကျင့်စဉ်များနှင့် ကိုက်ညီမည့် Mindset များ ထွန်းကားလာနိုင်မည်ဖြစ်၏။

လွတ်လပ်စွာ ပြောဆိုခြင်းသည် ဒီမိုကရေစီ၏ ကျင့်စဉ်တစ်ခုဖြစ်သည်။ သို့သော် ထိုသို့ လွတ်လပ်စွာ ပြောဆို ဆွေးနွေးညှိနှိုင်းကြရာတွင် တစ်ဦး၏ သဘောဆန္ဒကို တစ်ဦးကလေးစားလျက် ယဉ်ကျေးစွာ ပြောဆိုညှိနှိုင်းကြခြင်းသည် အလေ့အထကောင်းတစ်ခုပင်ဖြစ်သည်။ ဤသို့ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ရလာသည့်ရလဒ်သည် မိမိ တစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒသီးသန့်မဟုတ်တော့ပေ။ ပြည်သူ့စကားဝိုင်းမှ ပေါ်ထွက်လာသည့် ပြည်သူ့အသံ စစ်စစ်များပင် ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူများ ရွေးချယ်လိုက်သည့် ပြည်သူ့အစိုးရအတွက် ပြည်သူ့အသံများသည် အရေးကြီးဆုံးပင်ဖြစ်သည်။ သို့ဖြစ်၍ ဒီမိုကရေစီခေတ်တွင် ပြည်သူ့အသံများကို လျစ်လျူရှုထားသည့် အစိုးရဆိုသည်မှာ မရှိနိုင်။ အပြန်အလှန်အားဖြင့် ပြည်သူ့အစိုးရများ သိစေနိုင်ရန် ပြည်သူ့အသံများ စဉ်ဆက်မပြတ် ကြားနေရဖို့လိုလေသည်။

ဒီမိုကရေစီခေတ်တွင် လွတ်လပ်စွာ ပြောဆိုနေမှုများသည် စနစ်ကျဖို့လိုသည်။ ယဉ်ကျေးဖို့လိုပါသည်။ လွတ်လပ်မှုကို အခွင့်အရေးတစ်ရပ်ပမာ ယူဆကာ မိမိ၏တစ်ကိုယ်ရေဆန္ဒများကို ဦးစားပေးပြောဆိုခြင်း၊ တောင်းဆိုခြင်း ရံဖန်ရံခါ ဖရုသဝါစာ ပြောဆိုနေခြင်းများသည် ဒီမိုကရေစီ၏ အလေ့အထကောင်းမဟုတ်နိုင်ပေ။ ပြည်သူအများကို ကိုယ်စားပြုသည် မဟုတ်၍ ပြည်သူ့အသံလည်း မမည်ပေ။ သို့ဖြစ်၍ ပြည်သူ့စကားဝိုင်းများ၊ ကွန်မြူနီတီစင်တာများတွင် ကျင်းပမည့် ပြည်သူ့စကားဝိုင်းများ အဆက်မပြတ်ကျင်းပလာနိုင်တော့မည်ဖြစ်ရာ အမှန်တကယ် နိုင်ငံအတွက် အကြံကောင်းဉာဏ်ကောင်းများ၊ အသိပညာကောင်းများ၊ ဝေဖန်ဆွေးနွေးမှုကောင်းများကို တွေ့ဆုံဆွေးနွေးဖလှယ်ရယူနိုင်ဖို့ဆိုလျှင် ပြည်သူ့စကားဝိုင်းများရှိရာသို့ အလွှာအသီးသီးမှ လူတန်းစားမရွေး ပါဝင်လာနိုင်ကြဖို့ လိုအပ်လှပါသည်။ မိမိတစ်ဦးတည်းအမြင် သဘောထားဆန္ဒထက် အလွှာအသီးသီးမှ အမြင်အမျိုးမျိုးနှင့် ပေါင်းစပ်ဆွေးနွေးရာမှ ပြည်သူတစ်ရပ်လုံးအတွက် Positive Effect ဖြစ်ပေါ်လာနိုင်မည့် ဆွေးနွေးချက် အသံများကို ရလာနိုင်မည်ဖြစ်၏။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ပြန့်ပွား**

ထို့ကြောင့် ပြည်သူ့စကားဝိုင်းများ ပြည်သူများကြားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ပြန့်ပွားစေချင်ပါသည်။ ပြည်သူ့စကားဝိုင်းများသည် စာတမ်းဖတ်ပွဲများနှင့် မတူပါ။ စာပေဟောပြောပွဲများနှင့်လည်း ခြားနားသည်။ စာတမ်းဖတ်ပွဲသည် စာတမ်းရှင်၏ ကြိုးစားအားထုတ်မှု တစ်ခုသာ ဖြစ်သည်။ နားထောင်သူတို့ ဆန္ဒသဘောထားမပါ။ အားထုတ်မှုမပါ။ စာပေဟောပြောပွဲသည်လည်း ဟောပြောသူ၏ အသိဉာဏ်ပညာ ကြွယ်ဝမှု အဟောအပြောကောင်းမှု ပေါ်တွင်သာ မူတည်၏။ ပြည်သူ့စကားဝိုင်းများသည်ကား ပြည်သူလူထုအလွှာအသီးသီးမှ အမြင်အမျိုးမျိုး ရင်းနှီးပွင့်လင်းစွာပါဝင်သည်။ ယဉ်ကျေးသိမ်မွေ့စွာ ဆွေးနွေးကြ၏။ ယင်းတို့၏ ပြောဆို ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသူများ၏ အမြင်များနှင့် အမေးအဖြေ ပြုလုပ်ကာ ပေါင်းစပ်နိုင်၏။

ယင်းတို့အားလုံး၏ အတွေးအမြင် ဆွေးနွေးမှုများပေါ်တွင် ကောက်ချက်တစ်ရပ် ဆွဲထုတ်နိုင်၏။ ယင်းကောက်ချက်သည် ပြည်သူတို့၏ အသံစစ်စစ်များဖြစ်၍ မှတ်ကျောက်တင်ခံနိုင်မည်ဖြစ်၏။ ယင်းမှတ်ကျောက်များသည်ပင် နိုင်ငံတော်က အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် အမြန်ဆုံးပေါ်ထွန်းလာနိုင်မည်သာဖြစ်၍ ပြည်သူပြည်သားများအနေဖြင့် ပြည်သူ့စကားဝိုင်းများကို ကြိုဆို ထောက်ခံရင်း စစ်မှန်သောပြည်သူ့အသံများ ပါဝင်ဆွေးနွေးနိုင်ကြစေချင်ပါတော့သည်။ ။



## လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ပြောကြားလာတဲ့ ဂျိုဝန်နဲ့ ဘိုအာ

တောင်ကိုရီးယားရဲ့ အနုပညာကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ သရုပ်ဆောင်မင်းသား ဂျိုဝန်နဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘိုအာတို့ဟာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်လာခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ စစ်မှုထမ်းဆောင်နေတဲ့မင်းသားနဲ့ "Only One"တေးသံရှင် ဘိုအာတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေဟာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းမှာ စတင်ပေါ်ထွက်လာခဲ့ပြီးနောက် သူတို့ရဲ့ဖျော်ဖြေရေး အေဂျင်စီက သတင်းတွေ မှန်၊ မမှန် ကာယကံရှင်တွေကို ဆက်သွယ်မေးမြန်းကာ ထုတ်ဖော်အသိပေးမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီနောက်မှာတော့ သူတို့ရဲ့အေဂျင်စီတွေက ကာယကံရှင်တွေဟာ သတင်းတွေမှန်ကန်ကြောင်း ဝန်ခံခဲ့တယ်လို့ဆိုပါတယ်။ ဒါကြောင့် ဂျိုဝန်နဲ့ ဘိုအာတို့ဟာ ချစ်သူသက်တမ်း တစ်နှစ်မပြည့်မီမှာပင် ယခုလို တစ်လမ်းစီခရီးဆက်ဖို့ရာ ဆုံးဖြတ်လိုက်ကြတာဖြစ်ကြောင်း သိရပါတယ်။

ဂျိုဝန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက “ဂျိုဝန်နဲ့ ဘိုအာတို့ဟာ မကြာသေးမီကမှ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်၊ သူတို့နှစ်ဦး လမ်းခွဲလိုက်ရတဲ့အကြောင်းအရင်းကတော့ သိဖို့ခက်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒါဟာ သူတို့နှစ်ဦးရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စဖြစ်နေလို့ပါ”လို့ ကြယ်ပွင့်တွေရဲ့ လက်ရှိဆက်ဆံရေးနဲ့ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။

ဂျိုဝန်နဲ့ ဘိုအာတို့ဟာ ချစ်သူတွေဖြစ်နေကြကြောင်း ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လုပ်ဖော်ကိုင်ဖက်တွေကနေတစ်ဆင့် သိကျွမ်းခင်မင်ခဲ့ကြတာဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝက်နှောင်းပိုင်းမှာ တီဗွီရပေ့ါထ်က နှစ်ဦးသားချစ်သူတွေဖြစ်နေကြကြောင်းနဲ့ မကြာခဏ တွေ့ဆုံလေ့ရှိကြောင်း ထုတ်ဖော်ပြောကြားကာ ကောလာဟလတွေအဖြစ် စတင်ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီနောက် ယခုနှစ်မှာ ချစ်သူတွေဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပြီး သူတို့နှစ်ဦးဟာ ပတ်ဝန်းကျင်က အားကျရလောက်အောင် တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာကြသူတွေဖြစ်ကြောင်းလည်း သိရပါတယ်။

လက်ရှိမှာ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ ဂျိုဝန်ဟာ ပြီးခဲ့တဲ့ မေလ ၁၆ ရက်က စစ်မှု စတင်ထမ်းဆောင်ခဲ့တာဖြစ်ပြီး စစ်မှုထမ်းကာလအတွင်းမှာပင် ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာတာလည်း ဖြစ်ပါတယ်။

## ဝင်ငွေ အကောင်းဆုံးရုပ်ရှင်အဖြစ် ထိပ်ဆုံးမှာ ဆက်လက် ရပ်တည်နေတဲ့ Thor ရုပ်ရှင်သစ်



Thor ရုပ်ရှင်တွေရဲ့ တတိယမြောက်ရုပ်ရှင်ဖြစ်တဲ့ "Thor: Ragnarok" ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့ပါတယ်။ ယင်းရုပ်ရှင်ဟာ စတင်ရုံတင်ခဲ့တဲ့ အဖွင့်သီတင်းပတ်အတွင်းမှာလည်း ဝင်ငွေအကောင်းဆုံးရုပ်ရှင် ၁၀ ကားစာရင်းမှာ ထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့တာကြောင့် သီတင်းပတ်နှစ်ပတ်ဆက်တိုက် မြောက်အမေရိကားမှာ ဝင်ငွေအရ ဦးဆောင်ထားနိုင်ခဲ့တဲ့ ရုပ်ရှင်တစ်ကား ဖြစ်လာခဲ့ပါတယ်။ ဒ့ါအပြင် ယင်းရုပ်ရှင်ရဲ့ ပထမသီတင်းပတ်အတွင်း ရရှိခဲ့တဲ့ဝင်ငွေဟာ လွန်ခဲ့တဲ့ သီတင်းပတ်များစွာမှာ မရရှိခဲ့ဖူးတဲ့ဝင်ငွေမျိုး ပြန်လည်ရရှိခဲ့တာလည်း ဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ် ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒစ်စနေနဲ့ မာဗယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းထုတ်လုပ်တဲ့ ယင်းရုပ်ရှင် "Thor: Ragnarok"ဟာ ရုံတင်ခဲ့တဲ့ ဒုတိယမြောက်သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၅၆ ဒသမ ၆ သန်းရရှိခဲ့တာဖြစ်ပြီး အပြိုင်ပြသခဲ့သမျှ Thor ရုပ်ရှင်တွေအနက် ဝင်ငွေ အများဆုံးရရှိခဲ့တာဖြစ်ပါတယ်။ ဒုတိယသီတင်းပတ်အပြီး စတင်ရုံတင်ခဲ့ပြီးနောက် ၁၀ ရက်အကြာမှာတော့ "Thor: Ragnarok" ရဲ့ ဝင်ငွေစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၆ သန်း ဖြစ်တယ်လို့လည်း သိရပါတယ်။

"Thor: Ragnarok"ရုပ်ရှင်ကို ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ စတင်ရုံတင်ခဲ့ကာ အဖွင့် သီတင်းပတ် အဆုံးမှာတော့ တစ်ပတ်အတွင်း ခန့်မှန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၂ သန်း ရရှိခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်ကိုတော့ မြောက်အမေရိကားမှာရှိတဲ့ ရုပ်ရှင်ရုံပေါင်း လေးထောင်ကျော်မှာ တစ်ပြိုင်နက်ရုံတင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ဟာ ၂၀၁၇ ခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးရရှိခဲ့တဲ့ ရုပ်ရှင်တွေထဲမှာတော့ စတုတ္ထမြောက်ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တာလည်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း ဝင်ငွေအကောင်းဆုံး ရုပ်ရှင်တွေ အဖြစ် "Thor: Ragnarok"ရဲ့ ရှေ့မှာ ရပ်တည်နေတဲ့ ရုပ်ရှင်သုံးကားကတော့ "Beauty and the Beast(2017)"၊ "Guardians of the Galaxy Vol. 2"နဲ့ "It" တို့ ဖြစ်ကြပါတယ်။ "Beauty and the Beast (2017)" ကတော့ လက်ရှိအချိန်အထိ တစ်နှစ်အတွင်း အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၈ သန်း ရရှိခဲ့တာဖြစ်ပါတယ်။ ယခုနှစ်ရဲ့ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ "Gu-ardians of the Galaxy Vol. 2" ကတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၅ သန်း ရရှိခဲ့ပြီး "It"ရုပ်ရှင်ကတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၄ သန်း ရရှိခဲ့ကာ တတိယမြောက် ဝင်ငွေအကောင်းဆုံး ဖြစ်တယ်လို့ သိရပါတယ်။

ဒ့ါအပြင် "Thor: Ragnarok" ဟာ မာဗယ်လ်က ထုတ်လုပ်ခဲ့တဲ့ ရုပ်ရှင်တွေအားလုံးထက် ဝင်ငွေအရ သာလွန်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ မာဘယ်လ်ဝင်ငွေကောင်းခဲ့တဲ့ အခြားသောရုပ်ရှင်တွေဖြစ်ကြတဲ့ "Captain America: The First Avenger" ဟာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၆ သန်းရရှိခဲ့ကာ "Ant-Man" ရုပ်ရှင်ကတော့ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ဝင်ငွေရရှိခဲ့ပြီး "Thor: The Dark World" ကတော့ အမေရိကန်ဒေါ်လာ ၂၀၆ သန်း ရခဲ့တာလည်း ဖြစ်ပါတယ်။ ဒုတိယသီတင်းပတ်အတွင်း ရုံတင်ခဲ့ရာမှာ ဝင်ငွေ အရ ၅၄ ရာခိုင်နှုန်း လျော့ကျခဲ့ပေမယ့် "Thor: Ragnar-ok"ရဲ့ ဝင်ငွေလျော့ကျမှုနှုန်းဟာ အခြားသော မာဗယ်လ်ရုပ်ရှင်တွေရဲ့ ဒုတိယသီတင်းပတ်အတွင်း ဝင်ငွေလျော့ကျမှုနှုန်းထက်တော့ နည်းတာကိုလည်း တွေ့ရပါတယ်။

မိုးကြိုးနတ်ဘုရား Thor အကြောင်း ဇာတ်အိမ်တည်ကာ ရိုက်ကူးထားတဲ့ ယင်းဇာတ်လမ်းတွဲရုပ်ရှင်သစ်ရဲ့နောက်မှာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ဒုတိယနေရာမှာရပ်တည်နေတဲ့ ရုပ်ရှင်ကတော့ "Daddy's Home 2"ဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၀ ရရှိခဲ့တာဖြစ်ပါတယ်။ တတိယဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင်ကတော့ "Murder on the Orient Express" ဖြစ်ပြီး တစ်ပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈ သန်း ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံး ရုပ်ရှင် ၁၀ ကားစာရင်းမှာ ပါဝင်နေတဲ့ အခြားသော ရုပ်ရှင်တွေကတော့ "A Bad Moms Christmas"၊ "Jigsaw"၊ "Boo 2! A Madea Halloween"၊ "Geostorm"၊ "Blade Runner 2049"၊ "Happy Death Day"နဲ့ "Lady Bird"တို့ ဖြစ်ကြကြောင်း သိရပါတယ်။

အေးပြည့်
စုစည်းသည်



## ကြောင်လေးတွေ ဝန်းရံထားတဲ့ တေလာဆွစ်ရဲ့ ဖယောင်းရုပ်တု

အမေရိကန် ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ ဖယောင်းရုပ်တုသစ်တစ်ခုကို ဖောင်းရုပ်တု ပြတိုက်တစ်ခုဖြစ်တဲ့ ဆန်ဖရန်စစ္စကိုက မက်ဒမ်တူးဆော့ဒ်ပြတိုက်မှာ ထားရှိခဲ့ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မိတ်ဆက်ဖော်ပြခဲ့ပါတယ်။ ယင်း ဖယောင်းရုပ်တုရဲ့ဘေးမှာ ကြောင်လေးတွေ ဝန်းရံနေတာကိုလည်း တွေ့ရပါတယ်။

ဒီလိုတေလာရဲ့ဘေးမှာ ကြောင်လေးတွေ ဝန်းရံထားရှိရတဲ့အကြောင်းအရင်းကိုတော့ တေလာရဲ့ ပရိသတ်တွေက နားလည်ပြီးသားဖြစ်မှာပါ။ ဒီလိုထားရှိပေးတာကို မြင်ခဲ့ရပြီးနောက် အလွန်ကို ကျေနပ်ပျော်ရွှင်ရကြောင်း တေလာရဲ့ပရိသတ်တစ်ဦးကလည်း ဖယောင်းရုပ်တုသစ်နဲ့ ပတ်သက်တဲ့ သူ့ရဲ့ခံစားချက်ကို ဖော်ပြခဲ့ပါတယ်။ ဒီလိုထားရှိခဲ့ရတာကတော့ တေလာဆွစ်ဟာ အိမ်မွေးတိရစ္ဆာန်တွေအနက် ကြောင်လေးတွေကို အချစ်ဆုံးဖြစ်ပြီး သူ့ရဲ့ကြောင်လေးတွေကိုလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ အတူတွဲဖက်မြင်တွေ့ခဲ့ရကာ ကမ္ဘာ့ကြောင်ချစ်သူများနေ့မှာ တေလာဆွစ်လည်း ပါဝင်ဆင်နွှဲလေ့ရှိတာ တွေ့ရပါတယ်။

ယင်းပြတိုက်ရဲ့ အထွေထွေမန်နေဂျာက တေလာရဲ့ များစွာသောပရိသတ်တွေကို ပျော်ရွှင်မှုတွေကို ပေးလိုတာကြောင့် ယခုလို ဖန်တီးခဲ့ရတာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် သူက လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကို အသုံးပြုတဲ့သူတွေဟာ တေလာဆွစ်ရဲ့ ကြောင်းတွေကို ချစ်ခင်မြတ်နိုးတဲ့အကြောင်းကို သိပြီးဖြစ်မှာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

လတ်တလောမှာ ပရိသတ်တွေနဲ့ မိတ်ဆက်ပေးခဲ့တဲ့ တေလာဆွစ်ရဲ့ ဖယောင်းရုပ်တုသစ်မှာတော့ တေလာရဲ့ အမှတ်အသားတစ်ခုလို့ဆိုနိုင်တဲ့ နှုတ်ခမ်းနီအနီရဲရဲကို ဆိုးထားတာတွေ့ရပြီး လေးကိုင်းသဏ္ဍာန်မျက်ခုံးမွေးကိုလည်း တွေ့မြင်ရပါတယ်။ ယင်းရုပ်တုသစ်ရဲ့ ဝတ်စုံအနေနဲ့ အနက်ရောင်ဝတ်စုံနဲ့ အဆင်တန်ဆာတွေ ဝတ်ဆင်ထားပြီး ယင်းဖယောင်းရုပ်တုဟာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ ခန့် တန်ကြေးရှိကြောင်းလည်း သိရပါတယ်။

# စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရရရှိမှု၊ မြေယာနှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများဆိုင်ရာ မူဝါဒရေးရာညှိနှိုင်းဆွေးနွေး

**ပဲခူး နိုဝင်ဘာ ၁၄**

စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရရရှိမှု၊ မြေယာနှင့် အသက်မွေးကျောင်းမှု လုပ်ငန်းများဆိုင်ရာဝန်ကြီးဌာနများ အကြားမူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ ကျင်းပသည်။




ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်းရှိ ဒေသအသီးသီးတွင် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြခြင်းကြောင့် လယ်ယာမြေအသုံးချမှုများအပေါ် အကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် မြေယာအသုံးချမှုဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမည့်သူများနှင့်တောင်သူ လယ်သမားများအတွက်မြေယာ လုပ်ပိုင်ခွင့်ခိုင်မာလာအောင်ဆောင်ရွက်ပေးဖို့လိုအပ်ကြောင်း၊ လယ်ယာ၊ သားငါးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးအထူးဇုန်များကို နယ်မြေသတ်မှတ်ပြီး ယင်းတို့၏ ထုတ်လုပ်မှုလုပ်ငန်းများဖော်ထုတ်လုပ်ကိုင်နိုင်ရေး အားပေးဆောင်ရွက်ရမှာဖြစ်သလို လက်ရှိလုပ်ပိုင်ခွင့်ရရှိပြီးသော စိုက်ပျိုးမြေများ၊ မွေးမြူရေးဇုန်နေရာများကိုလည်းလက်တွေ့အကျိုးရှိစွာ အသုံးချရေး ဦးစားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်သူ့လိုအပ်ချက်ကို တိုက်ရိုက်ဖြည့်သွင်းပေးနိုင်သည့် ဖွံ့ဖြိုးမှုမူဝါဒနှင့် နည်းဗျူဟာများရေးဆွဲရာမှာဒေသ၏ သဘောထားအမြင်များကို ဆွေးနွေးရယူမှုများ ပါဝင်ရေးဆွဲနိုင်အောင် ဆောင်ရွက်ကြဖို့လိုကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ဥရောပသမဂ္ဂမှတာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ၏ အာဟာရချို့တဲ့မှုနှင့် မူဘောင်ကိုခြုံငုံတင်ပြခြင်း၊ အစားအစာများ စားသောက်အသုံးပြုခြင်းနှင့် အာဟာရဆိုင်ရာသဘောတရားများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စိုက်ပျိုးထုတ်လုပ်မှုများမှတစ်ဆင့် ရရှိနိုင်သည့်အခွင့်အလမ်းများ၊ သီးနှံအမယ်စုံ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စားနပ်ရိက္ခာများလက်လှမ်းမီမှုရှိရေးနှင့် တည်ငြိမ်ရေး၊ လူမှုဖူလုံရေးစောင့်ရှောက်မှုအစီအစဉ်များမှတစ်ဆင့် လက်လှမ်းမီမှုရှိအောင်ဆောင်ရွက်ပေးခြင်း၊ စားနပ်ရိက္ခာများ ဘေးကင်းလုံခြုံမှု စသည့်အကြောင်းအရာများကိုအဖွဲ့လိုက် ဆွေးနွေးကြကြောင်းသိရသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒတစ်ခုဖြစ်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန် မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့်စီးပွားရေးပုံစံကို ဖော်ထုတ်နိုင်ရေးသည်လည်း အထူးအရေးပါလှသည်။

ထို့အပြင်ဒုတိယကာလတိုင်းနှစ် လယ်ယာကဏ္ဍမူဝါဒ၏ မျှော်မှန်းချက်ဖြစ်သောအားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍အာဟာရပြည့်ဝပြီး ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေရန် ဒေသအသီးသီး၏ လယ်ယာကဏ္ဍရှိ အခွင့်အလမ်းကောင်းများကို ဖော်ထုတ်ပေးခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ထုတ်လုပ်ရေးလုပ်ငန်းများကိုပိုမိုကျယ်ပြန့်လာပြီး ထုတ်လုပ်မှုစွမ်းအား မြင့်မားလာကာ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာစေခြင်း၊ လျင်မြန်စွာ တိုးတက်လာနေသည့် ပြည်တွင်းပြည်ပဈေးကွက်ရှိ စားသုံးသူများလိုအပ်ချက်များဖြစ်သော ဘေးအန္တရာယ်ကင်းပြီး အာဟာရပြည့်ဝသည့်စားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ခြင်း၊ လယ်ယာစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့်အတူ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်၍ လယ်ယာထွက်ကုန်များ တင်ပို့နိုင်ခြင်း၊ ကျေးလက်ဒေသလူမှုစီးပွားဘဝတိုးတက်လာခြင်း၊ ဖွံ့ဖြိုးမှုရေရှည်တည်တံ့ခြင်း စသည့်အကျိုးကျေးဇူးများရရှိဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊နေပြည်တော်မှအလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးဦးဆောင်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်မြို့ YMBA အသင်းရုံးချုပ်တွင် (၉၇)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

YMBAအသင်းချုပ် ဥက္ကဋ္ဌ ဦးတင်ဝင်း (အဂ္ဂမဟာမင်္ဂလမဓမ္မဇောတိကဓဇ) က အမျိုးဘာသာ သာသနာပညာနှင့် YMBA အသင်းကြီး ဆောင်းပါးခေါင်းစဉ်ဖြင့် သက်နိုင် (ပြင်ဦးလွင်)အား အထူးဆု ငွေကျပ် ငါးသိန်း၊ YMBAကို သမိုင်းအမြင်ဖြင့် သုံးသပ်ခြင်း ဆောင်းပါးခေါင်းစဉ်ဖြင့် ကျော်ဆွေဦးတွဲဖက်ပါမောက္ခ (သမိုင်းဌာန)၊ ရေနံချောင်းဒီဂရီကောလိပ်က ပထမဆု ကျပ်ငါးသိန်း၊ မော်ကွန်းတည်စေ YMBA ခေါင်းစဉ်ဖြင့် ဆောင်းပါးရှင်ပါမောက္ခ ခိုင်ခိုင်ရီ (ဌာနမှူး-ငြိမ်း) မြန်မာစာဌာန သမဝါယမတက္ကသိုလ်က ဒုတိယဆု ကျပ်လေးသိန်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် YMBA ခေါင်းစဉ်ဖြင့် မကျေးဥ ဒဂုံမြို့သစ် မြောက်ပိုင်းက တတိယဆု ကျပ်သုံးသိန်း၊ ရာဇဝင်ထွန်းထောက်ခဲ့ပေ YMBA ခေါင်းစဉ်ဖြင့် ဘုန်းမောင်ဝင်း(ဖျာပုံ) ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)စာတည်းကျွမ်းကျင် မြဝတီသတင်းစာတိုက် နေပြည်တော်က စတုတ္ထဆုကျပ် နှစ်သိန်း၊ ပြိုင်စံမမီပေ ခိုင်မှန်တည်ရှည် YMBA ခေါင်းစဉ်ဖြင့် ကျော်ဝင်းမောင်(ကျောက်မဲ)ငါးဇွန်မြို့နယ်အား ပဉ္စမဆုကျပ် တစ်သိန်းကိုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



## တာမွေအ–ထ–က(၄)၌ မူခင်းအသိပညာပေးဟောပြော

**တာမွေ နိုဝင်ဘာ ၁၄**

တာမွေမြို့နယ် တာမွေမြို့မရဲစခန်း စခန်းမှူးဒုရဲမှူးမျိုးမြင့်သည် တာမွေမြို့နယ် နတ်မောက်ရက်ကွက်ရှိ အ-ထ-က (၄) မိန်းကလေးကျောင်း မြတ်ပန်းသဇင်ခန်းမ၌ နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက သက်ငယ်မုဒိမ်းမှုများ ကျဆင်းရေး အသိပညာပေး ဟောပြောခဲ့သည်။

စခန်းမှူး ဒုရဲမှူး မျိုးမြင့်က သက်ငယ်မုဒိမ်းမှုများ ကျဆင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း ဟောပြောခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမေဇော်ထွေး၊ ဆရာမများနှင့် ကျောင်းသူများ စုစုပေါင်း ၄၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**လှိုင်သာယာ နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၂၀) ရပ်ကွက် မင်းရာဇာလမ်းမကြီးရှိ ဓမ္မဝိဟာရဓမ္မာရုံကြီး၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေး၊ အသိပညာပေးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် ည ၇ နာရီကကျင်းပခဲ့သည်။

သောင်ကြီးနယ်မြေရဲစခန်းမှ ရဲအုပ်မြင့်ဇော်ဦးက ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကိစ္စရပ်များ၊ သက်ငယ်မုဒိမ်းမှုဖြစ်ရခြင်း၏အကြောင်းအရာများ၊ မူခင်းကျဆင်းရေးအသိပညာပေး ရဲလုပ်ငန်းစဉ်များ၊ လူ့အခွင့်အရေးဆိုင်ရာသိကောင်းစရာများအား တက်ရောက်လာကြသောဌာနဆိုင်ရာဝန်ထမ်းများ၊ အ. ထ. က(၈) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ မိန်းကလေးငယ်များစုစုပေါင်း ၂၆၅ ဦး ကျော်ခန့်တက်ရောက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေး၊ အသိပညာပေးနှင့် လူ့အခွင့်အရေးဆိုင်ရာသိကောင်းစရာများကိုပြောကြားခဲ့ကြောင်းသိရသည်။

**စိုင်းလင်းဇော်(လှိုင်သာယာ)**

# အထူးကုဆရာဝန်ကြီးများက ကင်ဆာရောဂါများအကြောင်း အသိပညာပေးဟောပြော၍ စစ်ဆေးကုသပေး

**မဒေါက် နိုဝင်ဘာ ၁၄**

ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ အထူးကုဆရာဝန်ကြီးများက ကင်ဆာရောဂါများအကြောင်း အသိပညာပေးဟောပြော၍ လက်တွေ့သရုပ်ပြစစ်ဆေးကုသပေးခြင်းအစီအစဉ်ကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံတောရသာသနာ့ရိပ်သာကျောင်းဝင်းအတွင်း၌ မဒေါက်ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထို့နောက် သားအိမ်ခေါင်းကင်ဆာပညာပေးဟောပြောခြင်းကို သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါ်ရင်ရင်ဇော်က လည်းကောင်း၊ ရင်သားကင်ဆာပညာပေးဟောပြောခြင်းကို ခာတ်ရောင်ခြည်ကင်ဆာ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မေကြည်က လည်းကောင်း၊ ကွမ်းနှင့်ခံတွင်းကျန်းမာရေးဟောပြောခြင်းကို သွားနှင့်ခံတွင်းအထူးကုဆရာဝန် ဒေါက်တာကုမုဒြာကျော်ကလည်းကောင်း၊ ကလေးကင်ဆာပညာပေးဟောပြောခြင်းကို ကလေးကင်ဆာဆရာဝန် ဒေါက်တာဒေါ်ခိုင်ရွှေစင်နွယ်က လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

အသိပညာပေးဟောပြောပြီးနောက် အမျိုးသမီးများတွင်အဖြစ်အများဆုံး ရင်သားကင်ဆာအတွက် ရင်သား စမ်းသပ်နည်းသင်ပေးခြင်း၊ လက်တွေ့စမ်းသပ်စစ်ဆေးပေးခြင်း၊ သားအိမ်ခေါင်းဆေးစစ်ပေးခြင်းနှင့် ဆေးကုသပေးခြင်း၊ ခံတွင်းကင်ဆာအကြိုအဆင့် တွေ့ရှိရေးဆေးစစ်ပညာပေးခြင်း၊ အန်ထရာဆောင်းပုံရိပ်ရှာစက်ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း ကလေးရောဂါ များစစ်ဆေးအကြံပေးခြင်း၊ သွေးတိုး၊ဆီးချို၊ အီးစီဂျီစစ်ဆေးကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအစီစဉ်အား ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းနှင့် မဒေါက်ဒေသလူမှုကူညီရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မဒေါက်ဒေသခံပြည်သူ ရင်သားစမ်းသပ်နည်းသင်တန်းတွင် ၁၅၀ နှင့် ဟောပြောပွဲတွင် ၃၀၀ တက်ရောက်ပြီး ကလေးလူနာ ၃၁ ဦး၊ အထွေထွေရောဂါ ၁၃၀၊ သွားနှင့်ခံတွင်း ၁၂၀၊ သားအိမ်ခေါင်း ၈၂ ဦး၊ ရင်သား ၆၅ ဦး စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## သူနာပြုနှင့် သားဖွားသင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်း

**လှိုင်ကော် နိုဝင်ဘာ ၁၄**

အပတ်စဉ် ၂၅ သူနာပြု၊ သားဖွားဒီပလိုမာ သုံးနှစ် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီက လှိုင်ကော်မြို့ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နိုင်ငံတစ်နိုင်ငံတွင် ပြည်သူ၊ ပြည်သားများ၏ ကျန်းမာရေးသည် နိုင်ငံ၏ အဖိုးမဖြတ်နိုင်သည့် သယံဇာတတစ်ခုဖြစ်သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇- ၂၀၂၂ စတင်ဆောင်ရွက်မှု အသိပညာပေး အခမ်းအနားတွင် ပြောကြားခဲ့ကြောင်း၊ ကျန်းမာရေးဆိုင်ရာ အခန်းကဏ္ဍ တိုးတက်မြင့်မားလာစေရန်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်း အဆင့်မြှင့်တင်ခြင်း၊ ပြည်သူ့ကျန်းမာရေး အသိပညာမြှင့်တင်ခြင်းနှင့် သူနာပြုနှင့်သားဖွား အခန်းကဏ္ဍ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၀ မှ နှစ်စဉ် သူနာပြုနှင့် သားဖွားဦးရေ ၁၂၀၀ မှ ၁၅၀၀ ခန့် မွေးထုတ်ပေးနေပြီဖြစ်ကြောင်း၊ ယနေ့ Duty Coat နှင့် ဦးဆောင်းအပ်နှင်းခံ သင်တန်းသား၊ သင်တန်းသူများက ကျွမ်းကျင်မှုအရာသာမက စိတ်စေတနာပြည့်ဝစွာ စောင့်ရှောက်မှုပေးနိုင်သည့်သူများဖြစ်အောင် ကြိုးစားအားထုတ်မည်ဆိုသည့် စိတ်နှလုံးသွင်းပြီး စတင်အသိအမှတ်ပြုပေးသည့် နေ့ဖြစ်ကြောင်း မိမိနိုင်ငံ၏ ကျန်းမာရေးဂုဏ်ရောင် ထွန်းပြောင်အောင် ပံ့ပိုးနိုင်သူများ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက 1st year Nursing ပထမ၊ ဒုတိယ၊ တတိယ၊ 2nd, 3rd year Nursing ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား၊ The best clever AWARD in 25th Batch ရရှိသူ သင်တန်းသား၊ သင်တန်းသူ နှစ်ဦး၊ နေပြည်တော်တွင် ကျင်းပသော ပြည်နယ်နှင့် တိုင်းဒေသကြီးပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲတွင် ပထမရရှိသော မအိုဒီးလာ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသော နန်းစုနှင်းမွှန်တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (လှိုင်ကော်)တွင် ကရာတေးဒို အားကစားလေ့ကျင့်သင်ကြားပေးသည့် ကရာတေးဒိုနည်းပြ ဒေါ်နန်းဆိုင်မိန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ဆက်လက်၍ ထူးချွန်သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအတွက် မြက်ရိတ်စက်နှစ်လုံး ဝယ်ယူရန် အလှူငွေ ကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပလိပ်အင်းဒေသသို့ ဆောင်းခိုငှက်များ စတင် ဝင်ရောက်

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်အင်း ရေတိမ်ဒေသတွင် နိုဝင်ဘာလဆန်းပိုင်းမှစတင်ကာ ဆောင်းခိုငှက်များ ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသတွင် အဦးဆုံးရောက်ရှိလာသော ဆောင်းခိုငှက်များမှာ တောငန်းရိုင်း (Greylag goose)၊ ခရုတုတ် (Asian openbill)၊ ဟသ်ာ၊ ဥပန်းငှက် (Oriental darter)၊ တစ်တီတူး(Grey headed lapwing )၊ မြီးညှောင့်ငှက် (White wagtail) နှင့်အတူ အခြားရှားပါး ငှက်မျိုးစိတ်များလည်း ပါဝင်သည်။ ပလိပ်အင်းအတွင်း ရေငှက်မျိုးစိတ် ၃၇ မျိုး၊ အခြားငှက်မျိုးစိတ် ခုနစ်မျိုး၊ ငါးမျိုးစိတ် ရှစ်မျိုး ကျက်စားကြောင်း မှတ်တမ်းပြုထားသည်။ ၂၀၁၂-၂၀၁၃ ခုနှစ် ကွင်းဆင်းလေ့လာမှု မှတ်တမ်းများအရ ရေငှက်မျိုးစိတ် ၃၀၊ ရာသီအလိုက် ပြောင်းရွှေ့ကျက်စားသည့် ဆောင်းခိုငှက် ၁၁ မျိုးနှင့် ဒေသမျိုးရင်း ငှက်မျိုးစိတ် ၁၉ မျိုး ကျက်စားကြောင်း သိရသည်။




ပလိပ်အင်းမှာ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့ အနောက်တောင်ဘက် ၉ မိုင် ၃ ဖာလုံအကွာတွင်တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင် အမြင့် ၈၉ ပေဖြစ်သည်။ ပလိပ်အင်းမှာ ရေတိမ်ပြီး သဘာဝအင်း အမျိုးအစားဖြစ်သည်။ ရေတိမ်ဒေသ အမျိုးအစားအမျိုးမျိုးရှိရာတွင် ပလိပ်အင်းမှာ ကုန်းတွင်းရေတိမ်ဒေသ (Inland Wetland)၊ အင်းအိုင်(Pond) အမျိုးအစားဖြစ်သည်။ အင်းအရှည် ၂ ဒသမ ၃ ကီလိုမီတာ၊ အကျယ် ၂ ဒသမ ၁ ကီလိုမီတာ ကျယ်ဝန်းသည်။ မိုးရာသီတွင် အင်းရေပြင် ၃၂၇ ဒသမ ၇၆ ဟက်တာကျယ်ပြီး နွေရာသီတွင် ၄၀ ဒသမ ၄၇ ဟက်တာ ကျယ်သည်။

ယင်းအင်းမှာ ဧရာဝတီမြစ်လက်တက်ဖြစ်သော မြစ်ငယ်မြစ်မှ အင်းအတွင်း ရေဝင်ရေထွက်ပြုလုပ်သည်။ ရေအရည်အသွေးမှာ စံ ၉ ဒသမ ၂ ဖြစ်သည်။ အင်းအတွင်းတွင် ကြာလင်ပန်း (Nymphoides) ပေါများစွာ ပေါက်ရောက်ခြင်းနှင့်အတူ အခြား အပင်များဖြစ်သည့် ရေမှော် (Blyxa)၊ ကနဖော့ (Jussiaea)၊ ဟင်းချုန် (Bottia Cordata)၊ ရေကန်စွန်း (Ipomaea)တို့လည်း ပေါက်သည်။

လက်ရှိကာလတွင် ပလိပ်အင်းအတွင်း ဆောင်းခိုငှက်များ ဝင်ရောက်လာပြီဖြစ်သည့်အတွက် ငှက်ချစ်မြတ်နိုးသည့် ဓာတ်ပုံဆရာများက အင်းအတွင်း ငှက်အလှဓာတ်ပုံများ နေ့စဉ် ရိုက်ကူးလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ငှက်ချစ်မြတ်နိုးသူများ၊ ဓာတ်ပုံဆရာများ ဆောင်းခိုငှက်များကို မှတ်တမ်းဓာတ်ပုံ ရိုက်ကူးနိုင်ပြီဖြစ်ကြောင်း ငှက်ချစ်သူ ဆရာ Solo (M.D.Y) က ပြောသည်။ **နွေနဒီ(မြစ်ငယ်)**

## ရွှေတောင်မြို့နယ်အတွင်း ကိုင်းခရမ်းချဉ်များ အထွက်နှုန်းကောင်းမွန်

**ရွှေတောင် နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းနံဘေး တစ်လျှောက် စိုက်ပျိုးထားသည့် ခရမ်းချဉ်စိုက်ခင်းများမှာ ရာသီဥတုကောင်းမွန်ခြင်းနှင့်အတူ မကြာမီ စိုက်ပျိုးသူများ စတင်ခူးဆွတ်ရတော့မည်ဖြစ်ပြီး ခရမ်းချဉ်သီးများ အထွက်နှုန်း ကောင်းမွန်မည်ဟု ဒေသခံတောင်သူများက ခန့်မှန်းလျက်ရှိကြသည်။

ရွှေတောင်မြို့နယ်အတွင်းတွင် ကိုင်းလုပ်ငန်းများကို ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကိုင်းခင်းများနှင့် ဧရာဝတီမြစ်လယ်ကောင်ရှိကျွန်းများတွင် ဆောင်းသီးနှံအဖြစ် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဥမုန်လာ၊ ဆူးပန်း၊ ငရုတ်စသည့် အပင်များ စိုက်ပျိုးကြရာ ခရမ်းချဉ်မှာအများဆုံးစိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရသည်။ စိုက်ပျိုးထွက်ရှိသည့် သီးနှံများကို ရန်ကုန်သို့တိုက်ရိုက်တင်ပို့ရောင်းချခြင်းကြောင့် ဈေးကောင်းရရှိသည့်အတွက် ဒေသခံတောင်သူများ အနေဖြင့် ဝင်ငွေပိုမိုရရှိနိုင်မည်ဟု တွက်ဆမှုများလည်း ရှိနေသည်။

လက်ရှိအချိန်၌ ကိုင်းခရမ်းချဉ်သီးများမှာ ခူးဆွတ်ရန်ရက်အနည်းငယ်လိုနေသေးပြီး လက်ရှိဈေးကွက်အနေဖြင့် လက်လီဈေးမှာ တစ်ပိဿာလျှင် နှစ်ထောင်ကျပ်ဖြင့် ရောင်းချမှုများရှိနေပြီး လက်ကားသွင်းဈေးအနေဖြင့် ၁၀ ပိဿာလျှင် ကျပ် ၁၅၀၀၀နှင့် ကျပ် ၁၆၀၀၀ ဖြစ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် လက်ကားဈေးနှုန်းအနေဖြင့် ၁၀ ပိဿာလျှင် ကျပ် ၁၃၀၀၀ ပေါက်ဈေးရှိနေသည်။ **ကိုလွင်(ဆွာ)**

## မူခင်းပညာပေး ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မူခင်းပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့ မြို့မရဲစခန်းမှူး ဒုရဲမှူး ညီမျိုးလွင်က အသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အောင်နှင့် ရပ်ကွက်နေပြည်သူ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**




## ဗဟန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ အမှိုက်ကောက်လှုပ်ရှားမှု ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၄**

Clean Yangon ပရဟိတ လူမှုရေးအဖွဲ့မှ ဦးဆောင်ကာ ပါဝါရိန်းဂျား အနုပညာပရဟိတအဖွဲ့၊ Miss Golden Land Myanmar မှ အိမ်ထောင်ရှင်အလှမယ်များအဖွဲ့၊ Miss Art မှ အလှမယ်များအဖွဲ့နှင့် အခြားလူမှုရေးအသင်းအဖွဲ့ ၃၀ ကျော်ပါဝင်သည့် အင်အား ၄၀၀ ခန့်သည် နိုဝင်ဘာ ၁၃ ရက်က ဗဟန်းမြို့နယ် ဗိုလ်စိန်မှန် ရပ်ကွက်နှင့် ကျိုက္ကစံရပ်ကွက်တို့တွင် လည်းကောင်း၊ တာမွေမြို့နယ် တာမွေကြီး (က-ဂ) ရပ်ကွက်နှင့် တာမွေကြီး (ခ) ရပ်ကွက်တို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းအမှိုက်ကောက်ခဲ့ကြသည်။

မြို့တော်သန့်ရှင်းလှပဖို့ အားလုံးပူးပေါင်းပါဝင်စို့၊ သင့်အမှိုက်တစ်စကြောင့် မြို့တော်အလှမပျက်စီးစေနှင့်၊ မော်တော်ယာဉ်ပေါ်မှ အမှိုက်များကို လမ်းမပေါ်သို့ စည်းကမ်းမဲ့မစွန့်ပစ်မိပါစေနှင့်၊ နောက်ဖေးလမ်းကြားနှင့် လမ်းများ၊ ရေမြောင်းများသည် အမှိုက်ပစ်သည့် နေရာမဟုတ်ပါ၊ မြို့တော်သူမြို့တော်သားတိုင်း စည်းကမ်းရှိကြပါ၊ တို့ပြည်တို့ရွာတို့နေရာ သန့်ရှင်းစေဖို့ ဝိုင်းဝန်းစို့စသည်ဖြင့် ပိုစတာများဖြင့် မိဘပြည်သူများ သိရှိမြင်တွေ့စေရန်လှုံ့ဆော်ကာ စုပေါင်းအမှိုက်ကောက်ဆောင်ရွက်ခဲ့ကြသည်။

"စုပေါင်း အမှိုက်ကောက်တာကို မိဘပြည်သူတွေအားလုံးသိရှိပြီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေ လျော့နည်းပပျောက်သွားမယ်လို့ ထင်ပါတယ်၊ တဖြည်းဖြည်းတော့ ပြည်သူတွေရဲ့အသိစိတ်တွေလည်း ပြောင်းလဲသွားမှာပါ၊ စံပြအမှိုက်ကောက်လို့ရရှိလာတဲ့ အမှိုက်တွေကို သက်ဆိုင်ရာ ခရိုင်နဲ့ မြို့နယ်များက တာဝန်ရှိတဲ့ စည်ပင်သာယာဝန်ထမ်းတွေက ကြပ်မတ်ပြီး လက်တွန်းလှည်းနဲ့ အမှိုက်သိမ်းယာဉ်တွေက သိမ်းဆည်းပေးတဲ့အတွက် အဆင်ပြေပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ပရဟိတဦးဆောင်သူက ပြောသည်။ **၅၈၇**

## ဖျာပုံ တံတားကြီးအောက်ရှိ ဘိုးပိုင်ပေါ်ပုံထားသော လမ်းခင်းကျောက်များ ရှင်းလင်းဖယ်ရှားပေးသင့်

**ဖျာပုံ နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဖျာပုံ တံတားကြီးကို ဖျာပုံမြစ်ကမ်းပါးမှ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ မြစ်ကမ်းပါးအထိ (Bore Pile) ဘိုးပိုင်များကို P1 မှ P5 အထိ ဘိုးပိုင်ငါးခု စိုက်ထူတည်ဆောက်ထားပြီး အဆိုပါ ဘိုးပိုင်များသည် ဖျာပုံ တံတားကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် လွန်စွာအရေးပါသည့် နေရာများဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါ ဘိုးပိုင်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဖျာပုံမြို့ မြစ်ကမ်းဘေးရှိ P1 ဘိုးပိုင်ကြီး၏ အောက်ခြေတွင် လမ်းခင်းဂဝံကျောက်များ ကြိတ်ခွဲစုပုံထားသည်ကို တွေ့မြင်နေရပြီး ဂဝံကျောက်များကို ဘိုးပိုင်အောက်ခြေနှင့် အပေါ်ထိ စုပုံထားခြင်းမှာ ဘိုးပိုင်၏ ရေရှည် ကြံ့ခိုင်မှုအား ထိခိုက်မှုအန္တရာယ်ရှိလာနိုင်သဖြင့် အဆိုပါ ကျောက်ပုံများအား သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး လာရောက်ရှင်းလင်း ဖယ်ရှားပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့ဘက်ခြမ်း တံတားကြီး ခြေဆင်းအောက်မှာရှိတဲ့ ဒီနေရာလေးက ပြည်သူတွေ ရေချိုးရေခပ်ဆင်းတဲ့နေရာလေးပါ၊ ဒါပေမယ့် လမ်းခင်းကျောက်တွေပုံထားပြီး ကျောက်တင်တဲ့ ကားတွေက ရေချိုးဆင်းတဲ့လမ်းကိုပိတ်ဆို့နေတော့ ဘယ်လိုမှ သွားလို့လာလို့မရပါဘူး၊ ဒါ့အပြင် ကျောက်တွေပုံထားတော့ ဘိုးပိုင်အောက်ခြေကျောက်ခုံတွေပွန်းပဲ့ပြီး အထဲက သံချောင်းတွေထွက်တဲ့ နေရာတွေတောင် ရှိလာတာမြင်တွေ့နေရလို့ ဘိုးပိုင်အောက်ခြေမှာ ကျောက်တွေ ပုံချင်သလို ပုံနေတာကို ဘိုးပိုင်အောက်ခြေကျောက်ခုံ ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေက သင့်လျော်တဲ့ နေရာကိုပြောင်းရွှေ့ပေးသင့်ပါပြီ" ဟု အမှတ် ၁ ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ဖျာပုံတံတားကြီးကို နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးပြီး နောက်တွင် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် သတ်မှတ်စည်းကမ်းများချမှတ်ထားရာတွင် ဘိုးပိုင်အောက်ခြေများတွင် ကျောက်များပုံခြင်း၊ အဆောက်အအုံ ဆောက်လုပ် နေထိုင်ခြင်း၊ ရေယာဉ်များ ဆိုက်ကပ်ချည်နှောင်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားသော်လည်း ယခုလို လမ်းခင်းကျောက်များ စုပုံထားခြင်းမှာ မဖြစ်သင့်ကြောင်း၊ အမြန်ဆုံးရှင်း လင်းဖယ်ရှားပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

**၅၆၀**


ooredoo
၁မိနစ် ၁၀/-
ဖုန်းဘီလ်ကြာကြာ အသုံးခံတယ်
ရှန်းရှန်းဝေအစီအစဉ်
(အူရီဒူးအချင်းချင်း)
*777#
ကို အခမဲ့ခေါ် ဆိုလိုက်ပါ




"ကွန်ဒိုတိုက်ခန်း အမြန်ရောင်း/ငှါးမည်" (ပွဲစားမလို)

| | | | | |
|---|---|---|---|---|
| ၁။M3 Condo,ပြင်ပြီး | (2200Sqft) | Lift | M2,B2,A/C5,F-F | 2500L |
| ၂။စခ၊မြေနီကုန်း | (15x50) | G/F | Hall,ထပ်ခိုး | 1200L |
| ၃။အောင်မင်္ဂလာလမ်း | (15x60) | G/F | Hall,ပြင်ပြီး | 900L |
| ၄။မင်းဓမ္မကွန်ဒို | (2100Sqft) | Lift | M1,B2,A/C2,ပြင်ပြီး | 25L |
| ၅။ရကာ၊ကျောက်ကုန်း | (1600Sqft) | Lift | B2,A/C2,ပြင်ပြီး | 10L |
| ၆။လှိုင်၊အင်းစိန်လမ်းမ | (15x55) | G/F | Hall,(ဆိုင်ကောင်း) | 8.5L |
| ၇။သိမ်ဖြူလမ်းမ | (15x60) | 1/F | Hall,ကြွေခင်း | 4.5L |
| ၈။ကမာရွတ်၊စံရိပ်ငြိမ် | (18x45) | 3/F | B1,ပါကေး | 4L |

Ph: 01 510600, 09 5012951, 09 5185539













ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတွေ ထိန်းသိမ်းစို့

ရွှေစံမိုး သောကြာထွက် ပျော်ရွှင်စရာခရီးစဉ်သစ်များ
- သီပေါ၊ ဘော်ကြိုပေါ်နန်း၊ Little Bagan၊ နန်းဟူးနှဲ၊ ဒုဌဝတီမြစ်ဆုံ 65000
- ကျပ်ဝါ၊ ခေါင်းဆေးကျွန်း၊ ဘီလူးကျွန်း၊ မော်လမြိုင်၊ ကျိုက္ကမီ၊ ကမ်းခြေ 40000
- ရှင်သီဝလိဆြေတော်ရာ၊ ငါးထပ်ကြီးဘုရား၊ စပ်လဲရေတံခွန်၊ ပဲခူး 20000
- ကျိုက်ထီးရိုး၊ ကျိုက်ပီရဟန္တာ၊ မဲလဲဆတော်ရှင်၊ စိမ်းလှဲတင်ဥယျာဉ် 20000
- ချောင်းသာ(နေ့စဉ်) 09-420420761, 09-420420762, 09-420420763

Modern Myanmar
ပုဂံ၊ ပုပ္ပါး (Hotel ငြိမ်း)(ဘောကြော) 85000
ချောင်းသာ (နေ့စဉ်) Guest (ငြိမ်း) 33000 / Hotel 40000
ငွေဆောင် (Hotel+ကား) 45000
မြဝတီ၊ မဲဆောက် (Hotel ငြိမ်း)(သောကြာ) 100000
ကားစီးလုံးငှား Package စီစဉ်ပေးသည်။
09-450047016, 09-253540004

ရွှေအိုးကြီး Nov-10/17 24 ထွက်မည်
မြဝတီ၊ မဲဆောက်၊ ဘားအံ
(၄)ရက်၊ Hotel(2)ညအိပ်/စားငြိမ်း (95000)
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် မြိတ်၊ Hotel တည်းစားငြိမ်း (140000)
09421073634, 777636630

မိုးမြင့်တွယ်
ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်း) 33000
ချောင်းသာ (Guest ငြိမ်း) 35000
(နေ့စဉ်) (Hotel - ငြိမ်း) 40000
ငွေဆောင် (Hotel - ငြိမ်း) 50000
(နေ့စဉ်) (Hotel+ကား) 40000
ကုမ္ပဏီအဖွဲ့အစည်းများအတွက် Package အထူးစီစဉ်ပေးသည်။
ကားမျိုးစုံစင်းလုံးငှားဆောင်ရွက်ပေးသည်။
09-5093704, 09-450012971
01-549380

စည်းစိမ်မင်း 09-444450446, 09-444450558
09-250144709 (အိမ်အရောက်လက်မှတ်ပို့)
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက်။ 50000 လွိုင်ကော်ပါ(၅)ရက်။ 65000
- ပုဂံ(ခွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက်။ 37000
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄)ရက်။ 50000
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ (၅)ရက်။ 65000
- ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက်။ (Hotel တည်း စရိတ်ငြိမ်း) 75000
- သီပေါ၊ ဘော်ကြို၊ ပေါ်နန်း၊ Little Bagan၊ နန်းဟူးနှဲ၊ ဒုဌဝတီ 65000
- ကျပ်ဝါ၊ ခေါင်းဆေးကျွန်း၊ ဘီလူးကျွန်း၊ ကျိုက္ကမီ၊ စက်ခဲ 40000
- ရှင်သီဝလိဆြေတော်ရာ၊ ငါးထပ်ကြီးဘုရား၊ စပ်လဲရေတံခွန်၊ ပဲခူး 20000
- ကျိုက်ထီးရိုး၊ ကျိုက်ပီရဟန္တာ၊ မဲလဲ၊ စိမ်းလှဲတင်၊ ဒေးခွန်ပါ 20000
ကျိုက်ထီးရိုး 10000 (နေ့စဉ်)
ချောင်းသာ 12000 (နေ့စဉ်)
Nov 17,18,24,25
Dec 1,2,8,9,15,16

GETC
building a better future

အင်္ဂလိပ်ဘာသာစကားကို
စနစ်တကျ လေ့လာလိုသူများအတွက်



Communicative English

လစဉ် ကျောင်းအပ် လက်ခံနေပါပြီ

ယခုနှစ်တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ 20% - 60% OFF

မြေနီကုန်း 01-537895, 09263337703 | တာမွေ 01-549590, 09254148006

"အိုးဝေ" ရဲ့ တန်မှတန် ဒီဇင်ဘာခရီးစဉ်များ Oway

| | | |
|---|---|---|
| ဟနွိုင်၊ ဟလောင်၊ နင်ဘင်း(၄ရက်) | (27 Dec) | $480 |
| စင်္ကာပူခရီးစဉ်(၄ရက်) | (16 Dec/ 23 Dec) | $699 |
| ကိုရီးယားခရီးစဉ်(၅ရက်) | (21 Nov) $1060 | (20 Dec) $1250 |
| ဟောင်ကောင်ခရီးစဉ်(၅ရက်) | (22 Dec/ 28 Dec) | $1260 |
| ဒူဘိုင်းခရီးစဉ်(၆ရက်) | (21 Dec) | $1799 |
| ဂျပန်ခရီးစဉ်(၇ရက်) | (28 Dec) | $1999 |

- အမှတ် (A-3), မင်းရဲကျော်စွာလမ်း, မင်းရဲကျော်စွာ စီးပွားရေးအဆောက်အဦ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
- အမှတ် ၁၀၀, (၇၅) လမ်းနှင့် (၃၁) လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
09 43132193, 455311213, 961015355 Call Center: 01 231 8939

လမ်းမတန်းတိုက်ခန်းရောင်းမည်
ရန်ကင်း၊ ကျောက်ကုန်း၊ မိုးကောင်းလမ်းမကြီးပေါ်၊ နေရာကောင်း၊ (1320) sqft, ဒုတိယထပ်၊ အခန်း(၃)ခန်း၊ A/C(2) သိန်း(၁၉၀၀)ညှိနှိုင်း ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၄၂၂၇၆၀၀

ပြည်လမ်းမတန်းခြံ ရောင်းမည်/ငှားမည်။
ပြည်လမ်းမတန်း၊ (၈)မိုင်၊ မရမ်းကုန်း (၄၈ ပေ × ၇၀ ပေ)
လုံးချင်းနှစ်ထပ်တိုက် ရောင်းမည်။ (ပွဲစားမလို)
ဆက်သွယ်ရန် 09 77 22 33 777

သင့်ပညာရေး အတွက် ယုံကြည် အားထားရာ
SAIC STUDY ABROAD Information Centre

Yangon Office
Diamond Condo, Tower B, 15th Floor, Room 1502, Karmaryut Township, Yangon. Tel : (09) 5151 008

Mandalay Office
No. 326, 62nd Street, Between: 29th Street x 30th Street, Chanayetharzan Township, Mandalay. Tel : (09) 4200 99997

ကမ္ဘာ့ ထိပ်တန်းတက္ကသိုလ်များမှဘွဲ့များကို စင်ကာပူနိုင်ငံတွင်ပင် ရယူနိုင်ပါပြီ။

- ဆယ်တန်းအောင်မြင်ထားပြီးသူများ (၂)နှစ် (၂)လ ဖြင့် ထိပ်တန်းဘွဲ့ဒီဂရီ ရရှိနိုင်မည့် လမ်းကြောင်းများ၊
- နိုင်မာသော ဘွဲ့ဒီဂရီရရှိရန် သိန်း (၃၀၀) သာ ကုန်ကျမည့် အခွင့်အရေး လမ်းကြောင်းများ၊
- HND, ABE အောင်မြင်ထားသူများ ဘာသာရပ်ကင်းလွတ်ခွင့် ရရှိနိုင်မည့် လမ်းကြောင်းများ၊
- Kaplan Graduate များအတွက် အလုပ်အကိုင် အခွင့်အရေး လမ်းကြောင်းများ၊




KAPLAN HIGHER EDUCATION ACADEMY
edutrust

Register @
(09) 5151 008,
(09) 4200 99997

Yangon
Date : 18 Nov 2017 (Sat)
Time : 2:00 PM - 4:00 PM
Venue : Novotel Hotel (Bagan Room)

Mandalay
Date : 19 Nov 2017 (Sun)
Time : 4:00 PM - 6:00 PM
Venue : STUDY ABROAD Mandalay Office

ရွှေကိန္နရီ
(MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားကြီး၊ ကားငယ်
ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ
တပါတည်း ပြောင်းရွှေ့ပေးသည်၊
(မြို့တွင်း / နယ်ဝေး)
09-2532 77776
09-2532 66667
09-2532 66668
09-2532 66669

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296


ပြောင်းလဲသွားပါသလား
ခေတ်စနစ် ဘယ်လိုပြောင်းပြောင်း
အိမ်ယာကောင်းကောင်းကို
မှန်ကန်ထိုက်တန်တဲ့ ဈေးနှုန်းနဲ့
ရယူ ပိုင်ဆိုင်ချင်တဲ့ ကျွန်တော်တို့ရဲ့
ဆန္ဒ အာသီသ ရည်မှန်းချက်ကတော့
ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။

ခွင့်ထူး
ခါထူး
မုဒ္ဒဟူး

"Project (၆) ခုရှိ
လူကြိုက်များသော အခန်း (၄၀) ကို
အပတ်စဉ်ဗုဒ္ဓဟူးနေ့ တိုင်း
တစ်လ (၄) ကြိမ်၊
တစ်ကြိမ် (၄) ခန်း၊
တစ်ခန်း သိန်း (၄၀၀)
သက်သာခွင့်ဖြင့် ရယူ ပိုင်ဆိုင်နိုင်မည့်
အခွင့်အရေး"

Developed by
NGC

EAST RACE COURSE CONDOMINIUM



Call: 09 770 707070, 09 9771 222 03

No 238, East Race Course Road, Tamwe Township, Yangon

ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံး (၉၂. ၁၁)%
ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကကယ-၁၃/၀၉/၀၂၈

# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ

(၂၀၁၇) ရန်ကုန်တိုင်းဒေသကြီးတွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏
ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို Gandamar Grand Ballroom တွင်(၂၈. ၁၀. ၂၀၁၇)စနေနေ့ကဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။

**၅–တန်း မှ ၁၀–တန်း အထိ ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ ၂၀၁၈–၁၉ ပညာသင်နှစ် အတွက်ကျောင်းအပ်လက်ခံပြီ**



အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၄၄၅၃၄၀၀၇၇၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၁ ၈၅၆၂၈၃၀၊ တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။ Ferry ရှိသည်




Tak Lee Gold

# ၅ ယုဇနပလာဇာအနီး
စိန်ရွှေရတနာဆိုင် "တာမွေဆိုင်မှ"

မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...

No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်ကျေးရွာအုပ်စု၊ အကွက်မှတ်-၄၉၂^က^ တော်တမ်ရှီးအနောက်ကွင်း ၊ ဦးပိုင်အမှတ် - ၂၆^က^ ၊ ဧရိယာ(၂. ၀၁)ဧက အကျယ်အဝန်းရှိ ၃၀-က ကျပြီး အခြားနည်းအသုံးပြုခွင့်ရရှိသောမြေနှင့်လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ-၇ တို့ရရှိထားသော အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မျိုး(၉/ဝတန(နိုင်)၀၅၈၇၄၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေများ

| | | |
|---|---|---|
| ဦးသန်းညွန့်(စဉ်-၃၅၅၀)<br>LL.B,C.P.T,C.J.T | ဦးအောင်နိုင်ဦး(စဉ်-၄၂၇၂)<br>LL.B | ဦးမျိုးညွန့် (စဉ်-၅၁၄၂)<br>LL.B,D.B.L |
| ဒေါက်တာထွေးဇင်ဇော် (စဉ်-၉၃၀၁)<br>LL.B,LL.M,M.Res,Ph.D | ဒေါ်ခင်စန္ဒာသက်ထွန်း(စဉ်-၁၀၄၂၉)<br>LL.B,D.B.L,D.I.L | ဒေါ်အေးသူဇာ(စဉ်-၁၂၈၇၉)<br>LL.B,D.B.L,D.I.L |

အမှတ်(၁)၊ ပင်ရှေညောင်လမ်း၊ (II.BC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ – ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉၈၊ ၀၉ ၇၃၀ ၆၆၆၆
E.mail : saikhungnoung1995@gmail.com

## အနန္တကျေးဇူးရှင် ဖခင်ကြီး ၊ မိခင်ကြီး နှင့် ညီငယ် / မောင်လေး တို့အတွက် ပြုခဲ့သော ကုသိုလ်များကို နှစ်ပတ်လည် အမျှပေးဝေခြင်း

- အနန္တကျေးဇူးရှင် ဖခင်ကြီး ဘုရား ၊ ရဟန်း ၊ သိမ် ၊ ကျောင်း ဒါယကာကြီး ဒုတိယဗိုလ်ချုပ်ကြီး အေးသောင် (ငြိမ်း) (တောင်သာ) တစ်နှစ်ပြည့် (၁၅-၁၁-၂၀၁၆) မှ (၁၅-၁၁-၂၀၁၇)
- အနန္တကျေးဇူးရှင် မိခင်ကြီး ဒေါ်တင်တင်အေး (ဒိုက်ဦး) (၁၂) နှစ်ပြည့် (၁၇-၁၁-၂၀၀၅) မှ (၁၇-၁၁-၂၀၁၇)
- ညီငယ်/မောင်လေး ကိုထွန်းနိုင်အေး (၁၁) နှစ်ပြည့် (၁၇-၁၂-၂၀၀၆) မှ (၁၇-၁၂-၂၀၁၇)
- အနန္တကျေးဇူးရှင် ဖေဖေ ၊ မေမေ နှင့် ကိုထွန်းနိုင်အေးတို့အား ရည်စူး၍ နေ့စဉ် ၊ လစဉ် အလှူဒါနများ ပြုလုပ်ခဲ့ပါတယ်။ ဖေဖေ၏ တစ်နှစ်ပြည့်အား ရည်စူး၍ ၁၅-၁၁-၂၀၁၇ ရက်နေ့တွင် နေပြည်တော်နေ သားကြီး နှင့် မိသားစုက ဖေဖေနေထိုင်ခဲ့သော နေအိမ်၌ သံဃာတော် (၅) ပါးကို ပင့်ဖိတ်ဆွမ်းကပ်၍ အမျှပေးဝေခြင်း၊ ကရုဏာကမ္ဘာဘိုးဘွား ရိပ်သာနှင့် ပျဉ်းမနားဘိုးဘွားရိပ်သာတို့ရှိ ဘိုးဘွားများအား တစ်ရက်စာ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်း၊ မူကြိုကျောင်းမှ ကလေးများကို အာဟာရလှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်ပြု အမျှပေးဝေပါတယ်။
- သား ၊ သမီး ၊ မြေး များအားလုံးစုပေါင်း၍ သာကေတ ဆုလာဘ်ပြည့် ဗုဒ္ဓဝိဟာရ ကျောင်းတိုက်တွင် သိမ်ဆောက်လုပ်ရန် ငွေကျပ် ( ၅၀ ) သိန်း။ မြို ၊ ခမီတိုင်းရင်းသား ကိုရင်လေးများ၏ ပညာရေးပဒေသာပင်အတွက် ငွေကျပ် ( ၁၀ ) သိန်း လှူဒါန်းပါတယ်။ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်တွင်လည်း သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး နဝကမ္မ ဝတ္ထုငွေများလည်း ဆက်ကပ်လှူဒါန်း ကုသိုလ်ပြု အမျှပေးဝေပါတယ်။
- ဖေဖေ့ ဇာတိမြေ တောင်သာမြို့နယ် ကျောက်ချောရွာ ဘုန်းကြီးကျောင်းသို့ ငွေကျပ် (၁၀) သိန်း ၊ နဘဲကန်ရွာ ဘုန်းကြီးကျောင်းသို့ ငွေကျပ် (၁၀) သိန်း လှူဒါန်းပါတယ်။
- သား ၊ သမီး ၊ မြေး တစ်စုတို့က နေ့စဉ် ၊ လစဉ် နှင့် ၁၅-၁၁-၂၀၁၇ ရက်နေ့ လှူဒါန်းမှု အပါအဝင် လှူဒါန်းခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့၏ အဖို့ဘာဂ တို့ကို ဖေဖေ၊ မေမေ နှင့် ကိုထွန်းနိုင်အေး တို့အား အမျှပေးဝေပါတယ်။

ဖေဖေ ၊ မေမေ နှင့် ကိုထွန်းနိုင်အေး တို့ရေ အမျှ ၊ အမျှ ၊ အမျှ
ရောက်ရှိရာ မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ကြပါစေ။

သား ၊ သမီး ၊ မြေးတစ်စု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်လေးကြည် (ရတနာကုန်သည်)**

**အသက် (၉၃)နှစ်**

**အိမ်မဲ၊ မြောင်းမြ၊ တွံ့တေး**

ဦးဝင်းမြင့် (ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၊ အထွေထွေအတွင်းရေးမှူး)-ဒေါ်မာလာ(အထက-၂၊ ဒဂုံ၊ ငြိမ်း)တို့၏ မိခင်ကြီး သည် ၁၂-၁၁-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၄း ၄၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း**
**အလုပ်အမှုဆောင်အဖွဲ့**

## ဦးလင်းအာရမ်း(ခ)ရဲလှိုင်

**အသက် (၈၃) နှစ်**

**ပဒေသာမုန့်ဆိုင်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅၉)၊ (၇)ရပ်ကွက်၊ (၁၅) လမ်းနေ ဦးလင်းယွန်ဟုန်-ဒေါ်ငွေတို့၏ စတုတ္ထမြောက်သား၊ (ဦးကျင်လှိုင်-ဒေါ်ကျင်မွှေး)၊ မန္တလေးမြို့နေ (ဦးတင့်လှိုင်-ဒေါ်ခင်စန်းရီ)၊ Dr. ရှင်လန်းတို့၏ညီ၊ ဒေါ်မေရီ၊ ဦးရှမ်း-ဒေါ်မြင့်မြင့်ဝင်း၊ (ဦးထွန်း)-ဒေါ်ရှုရီ၊ (ဒေါ်ခင်မြရီ)တို့၏ အစ်ကို၊ တူ/တူမ ၂၀ယောက်တို့၏ ဦးလေး၊ မြေး ၂၄ ယောက်တို့၏အဘိုးသည် ၁၃-၁၁-၂၀၁၇ ရက် နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးကောင်းတံ့တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

**ဦးလှမြင့်သိန်း (ဇလွန်)**

အကြံပေးပုဂ္ဂိုလ်(UMFCCI)၊ ဥက္ကဋ္ဌ (Zar & Zar Finance Co.,ltd.)

(Win Universe Co.,Ltd), (Win Trade Co., Ltd.)

(Win YFV Myanmar Ltd.)

အသက်(၈၆)နှစ်

1982 Batch TTC သူငယ်ချင်း ဦးအုန်းကျော်-ဒေါ်သူဇာသိန်း (Win Universe Co.,Ltd)၏ ချစ်လှစွာသောဖခင်သည် ၁၁.၁၁.၂၀၁၇ (စနေနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Capt.သိန်းထူး+ဒေါ်နီနီဝင်း (ရွှေမိုပရိဘောဂတိုက်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလှမြင့်သိန်း**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၅/စီ)နေ ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော်(ကြို့ပင်ကောက်မြို့နယ်အသင်းဥက္ကဋ္ဌ)တို့၏ချစ်လှစွာသောဖခင်သည် ၁၁-၁၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း(၅၀)အောက်၊ အမှတ်(၁၇)၊ ၆-လွှာ၊ (မျက်နှာမူလျှင်ဝဲဘက်အခန်း)၊ အကျယ်အဝန်း ပေ(၁၂½×၆၀)ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံသူ ဦးအုံးမောင်[၁၂/ဗတထ(နိုင်)၀၃၆၆၁၃]က ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းအစုံအလင်နှင့်အတူ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမော်**
**B.Sc,HGP,DBL,D.A,Psy**
**အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ (ပ-ထပ်)၊ (ဝဲ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## ဒေါ်ခင်သီတာ၊ ဒေါ်စိန်ဌေး၊ ဒေါ်သီရိစိုး၊ ဒေါ်ရီရီခိုင်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အခန်းအမှတ် (၁၄၁) နေ ဒေါ်ဥမ္မာ[၁၄/ဟသတ(နိုင်)၀၁၀၄၈၈] ကိုင်ဆောင်သူပိုင်ဆိုင်သော သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၁၀၅/ခ)မြေပေါ်တွင် ဆောက်လုပ်လျက်ရှိသော ကန်ထရိုက်အဆောက်အအုံရှိ စတုတ္ထထပ်နှင့် ပဥ္စမထပ်တိုက်ခန်းများအား ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်(၆)နေထိုင်သူ ဒေါ်ခင်သီတာ[၁၄/ကလန(နိုင်)၀၇၃၁၅၈]၊ ဒေါ်သီရိစိုး[၁၂/မရက(နိုင်)၀၀၃၇၆၁]၊ ဒေါ်ရီရီခိုင်[၁၂/တမန(နိုင်)၀၈၁၀၄၀]၊ ဒေါ်စိန်ဌေး[၁၂/သကတ(နိုင်)၀၅၁၈၈၄]ကိုင်ဆောင်သူများမှ ကြိုပွဲ့ငွဲ့စနစ်ဖြင့် စတုတ္ထထပ်ကို ၂၈၀၀၀၀၀၀ ဖြင့်လည်းကောင်း၊ ဆဋ္ဌမထပ်ကို ၂၃၀၀၀၀၀၀ ဖြင့်လည်းကောင်းဝယ်ယူရာ ၉-၁၂-၂၀၁၄ရက် စရန်ငွေအချို့ပေးချေခဲ့ပါသည်။ တိုက်ခန်း ဆောက်လုပ်ပြီးစီးခြင်းအပေါ်မူတည်၍ အရစ်ကျငွေပေးသွင်းရမည်ဖြစ်သော်လည်း ယခု ၆ ထပ်လုံး ပြီးစီးသွားပြီဖြစ်သော်လည်း အရစ်ကျထပ်မံပေးချေခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ဒေါ်ခင်သီတာ၊ ဒေါ်စိန်ဌေး၊ ဒေါ်သီရိစိုး၊ ဒေါ်ရီရီခိုင်တို့မှ ပေးချေရန်ပျက်ကွက်ခဲ့ပါသဖြင့် တိုက်ခန်းအရောင်းအဝယ် ပျက်ပြယ်ပါကြောင်း ဒေါ်ခင်သီတာ၊ ဒေါ်စိန်ဌေး၊ ဒေါ်သီရိစိုး၊ ဒေါ်ရီရီခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုလှိုင်ဝေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၀၃၅)**
**ဖုန်း-၀၉-၄၂၀၅၀၂၅၁၈**

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးလှမြင့်သိန်း (ဇလွန်)

**B.Com., B.L.**

**အကြံပေးပုဂ္ဂိုလ်(UMFCCI)**

**ဥက္ကဋ္ဌ (Zar & Zar Finance Co.,Ltd.)**

**Tun Foundation Bank**

**(Win Universe Co.,Ltd.)**

**(Win Trade Co.,Ltd.)**

**(Win YFV Myanmar Ltd.)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၅-စီ)နေ (ဦးကျော်ခင်-ဒေါ်စောတင်)တို့၏ သားလတ်၊ (ဦးသာကျင်လှိုင်-ဒေါ်ထီး)တို့၏ သားသမက်၊ (ဒေါက်တာဒေါ်မမလေး-မြိတ်)၏ ခင်ပွန်း၊ ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော်၊ ဒေါက်တာဥမ္မာသိန်း-ကပ္ပတိန်မိုးကျော်(ခေတ္တ-စင်ကာပူ)၊ ဒေါ်သဇင်သိန်း-ဦးရောဘတ်အောင်မြင့်(ခေတ္တ-USA)၊ ဒေါ်သူဇာသိန်း-ဦးအုန်းကျော်တို့၏ ချစ်လှစွာသောဖခင်၊ မခိုင်ဇာသန့်၊ မကြည်ဇာသန့်၊ ဂျွန်မိုးကျော်၊ ဂျွန်နသန်မိုးကျော်၊ JOEအောင်မြင့်၊ Boအောင်မြင့်၊ မမေသူကျော်တို့၏အဘိုး ဦးလှမြင့်သိန်းသည် ၁၁-၁၁-၂၀၁၇ (စနေနေ့) နံနက် ၈း၃၀နာရီ တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

